ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (23-11-2006) (၅၁၅၀)

ထူးခြားသည့် ညအပူချိန်များ

(၂၂-၁၁-၂၀၀၆)

ဟားခါး	–	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	–	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	–	၆ ဒီဂရီစင်တီဂရိတ်

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်၏ ကိုယ်ရေးအကျဉ်းချုပ်

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်။

နေပြည်တော် နိုဝင်ဘာ ၂၃

ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်သည် ၁၉၄၃ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းဘုရင့် စစ်တက္ကသိုလ်သို့လည်းကောင်း၊ ဗဟိုတိုက်ခိုက်ရေးသင်တန်းကျောင်းသို့ လည်းကောင်း၊ ပူးတွဲစစ်ဦးစီးတက္ကသိုလ်သို့လည်းကောင်း တက်ရောက်အောင်မြင်ခဲ့သည်။ ထို့အပြင် ၎င်းသည် အမေရိကန်ပြည်ထောင်စုရှိ ကာကွယ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်ပို့ချသည့် စီမံခန့်ခွဲရေးဆိုင်ရာ အစီအစဉ်သို့လည်းကောင်း၊ စစ်ဦးစီးတက္ကသိုလ်သို့လည်းကောင်း တက်ရောက်ခဲ့သည်။ ၁၉၉၃ခုနှစ်တွင် ၎င်းသည် ထိုင်းနိုင်ငံကာကွယ်ရေးတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

၎င်းသည် ထိုင်းဘုရင့်တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် အထူးစစ်ဆင်ရေးဌာနချုပ်၏ ဌာနချုပ်မှူးအဖြစ်လည်းကောင်း၊ ထိုင်းအမှတ်(၂)ကြည်းတပ်၏ တိုင်းမှူးအဖြစ်လည်းကောင်း၊ ထိုင်းဘုရင့်ကြည်းတပ်၏ ဦးစီးချုပ်အဖြစ်လည်းကောင်း၊ အငြိမ်းစားယူသည့် ၂၀၀၃ ခုနှစ်အထိ ထိုင်းဘုရင့်တပ်မတော်၏ စစ်သေနာပတိချုပ်အဖြစ်လည်းကောင်း အမှုထမ်းဆောင်ခဲ့သူဖြစ်သည်။

၎င်းသည် ၂၀၀၃ခုနှစ်တွင် အာနန္ဒာ မဟိဒေါလ်အဖွဲ့အစည်း၏ အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၄ရက်မှ စတင်ပြီးဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်နေသူဖြစ်သည်။၎င်းသည် ၂၀၀၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထိုင်းနိုင်ငံ၏ ၂၄ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၎င်းသည် ခွန်ရင် ချစ်တရာဝါဒီ ချူလာနွန်နှင့် အိမ်ထောင်ပြုခဲ့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပေါ်ရှိ ဒွန်ဘန်တံတားစီမံကိန်းစစ်ဆေး
ဒေသခံပြည်သူများ ဆက်သွယ်သွားလာရေးအတွက် အရေးပါသောတံတားဖြစ် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်တည်ဆောက်ပြီးစီးရေး မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်းက မြစ်ကြီးနား–တနိုင်း ကားလမ်းမိုင်တိုင်(၁၀၂)၌ စက်ယန္တရားများဖြင့် မြေပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ ထွက်ခွာ၍ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်းအတွင်း ဖွံ့ဖြိုးရေးအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ညနေ ၅ နာရီတွင် တောင်ငူမြို့သို့ ရောက်ရှိ၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကေတုမတီဘက်စုံသီးနှံစိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံက စိုက်ကွင်း၏ နောက်ခံသမိုင်းအကျဉ်း၊

စာမျက်နှာ ၇ ကော်လံ ၆ သို့ ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၁၁-၂၀၀၆
(ကြာသပတေးနေ့)

ငြိမ်းချမ်းဖွံ့ဖြိုးမှု၏ရလဒ် လမ်းသစ်၊ တံတားသစ်များ

တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ခြင်း၊ ရေ မြေ သဘာဝ သယံဇာတ ပေါများကြွယ်ဝခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်ကောင်းမွန်ခြင်းတို့သည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များ ဖြစ်သည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင် တည်ရှိပြီး ရေ မြေ သဘာဝ သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခု ဖြစ်သည်။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ယခင်က မြစ်ကြီးနားမှ ပူတာအိုသို့ လေကြောင်းလမ်းတစ်ခုတည်းကိုသာ အားကိုးသွားလာခဲ့ကြရာမှ ယခုအခါ မော်တော်ယာဉ်လမ်းကြောင်းဖြင့် ဆက်သွယ်သွားလာနိုင်ကာ ကုန်စည်များတင်ပို့နိုင်ကြပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဖုန်အင်တံတားသစ်ကို နိုဝင်ဘာလ ၁၈ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ အဆိုပါတံတားမှာ အရှည် ၂၃၅ ပေရှိသည့် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ဖုန်အင်တံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် ပေ ၁၈၀ နှင့်အထက် အစင်း ၂၀၀ မြောက်တံတားဖြစ်ပြီး ကချင်ပြည်နယ်၏ ၄၂ စင်းမြောက် ဖွင့်လှစ်နိုင်သည့် တံတားတစ်စင်းဖြစ်သည်။ ပြည်နယ်အတွင်းလမ်းမိုင် ၁၆၅၂ မိုင်ရှိသည့်အနက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမိုင် ၂၀၀ ကျော်ကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိရာ အဆိုပါလမ်းပေါ်ရှိ ဖုန်အင်တံတားတည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်၍ ဆက်သွယ်သွားလာမှု ပိုမိုချောမွေ့လွယ်ကူလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုတစ်ဝန်း၌ ငြိမ်းချမ်းဖွံ့ဖြိုးမှု၏ရလဒ်များ ဖြစ်ထွန်းလျက်ရှိရာ ကုန်သွယ်စီးပွား ဖွံ့ဖြိုးမှုအကျိုးပြု လမ်းသစ်၊ တံတားသစ်ပေါင်းများစွာ ဖောက်လုပ်တည်ဆောက်ပေးနိုင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်းဘောက်ထော် ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် ဓမ္မာရုံလမ်းသွယ်နေ လက်ထောက်အင်ဂျင်နီယာ ဦးတင်သိန်းနှင့် ဇနီးဒေါ်ခင်လေးမြင့်တို့၏ (၂၆)နှစ်ပြည့်မြောက် ပုလဲရတုအကြို မင်္ဂလာအထိမ်းအမှတ်အဖြစ် ကျောင်းမြေအတွက် ငွေကျပ်တစ်သိန်း၊ ကျောင်းအဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူတော်ငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန် သက်သာခွင့်များပေးနေ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲတာဝန်ခံ အရာထမ်းများနှင့် စက်မှု လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က စီးပွားရေးကဏ္ဍစွမ်းအားရှင်များဟု အသိအမှတ်ပြုထားသည့် လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ စွမ်းရည်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အထောက်အပံ့များကို အစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းရှင်များ ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းအမျိုးအစား လုပ်ငန်းသဘာဝအလိုက် အခွန်သက်သာခွင့်ပြုပေးနေကြောင်း၊ ထိုနည်းတူ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်သာခွင့်များ ပေးလျက်ရှိကြောင်း၊ ယခု တွေ့ဆုံပွဲတွင် စက်မှုလုပ်ငန်းရှင်များအနေဖြင့် သိလိုသည့် အချက်များ၊ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက် ထက်မြက်စေရန် လိုအပ်သည့်အချက်များကို ပွင့်လင်းစွာ အကြံပြုဆွေးနွေးမေးမြန်း ကြစေလိုကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးပွဲမှ မေးမြန်းချက်များ၊ အကြံပြုချက်များ၊ ဆွေးနွေးချက်များသည် ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ပို့ကုန် မြှင့်တင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အကျိုးရှိသည့် အခြေခံကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း အကျယ်တဝင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက စက်မှုလုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်ရန် စီမံ ဆောင်ရွက်ထားသော အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်မှုလုပ်ငန်းရှင်များက သိလိုသည့်အချက်များ၊ လုပ်ငန်းဆောင်ရွက်မှု ထိရောက်ထက်မြက်စေရေးအတွက် လိုအပ်သည့် အကြံပြုချက်များကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက စက်မှုလုပ်ငန်းရှင်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားပြီး စက်မှုလုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလိုတော်ပြည့်ဘုရား အစိဋ္ဌာန်ပြုပွဲတော်

ရန်ကုန် နိုဝင်ဘာ ၂၂

ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီးကျင်းပမည့် ပုဂံညောင်ဦး အလိုတော်ပြည့်ဘုရား အဓိဋ္ဌာန်ပြုပွဲတော်ကို (၁၃၆၈ ခုနှစ် နတ်တော်လပြည့်) ဒီဇင်ဘာ ၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့မှ လိုက်ပါလိုသော ဓမ္မမိတ်ဆွေများအား သွားလာမှုအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ စီစဉ်ထားရာ အမှတ်-၁၀၂ ပြည်လမ်းမကြီး ၁၀ မိုင်ကုန်းရှိ ဦးစံအောင်ကျော်-ဒေါ်မနီ ဖုန်း-၀၉-၅၁၇၆၆၉၃၊ ဖုန်း-၆၆၆၉၃၅ ထံ ယာဉ်စီးလက်မှတ်များကို ကြိုတင်မှာယူနိုင်ကြပြီး ဒီဇင်ဘာ ၁ ရက်(သောကြာနေ့) ညနေ ၆ နာရီတွင် ထွက်ခွာမည်ဟု သိရသည်။

(ကြေးမုံ)

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဆီးချို၊ သွေးချိုရောဂါကာကွယ်ရေး ဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေး ဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးလုပ်ငန်း အဖွဲ့ခွဲတာဝန်ခံဒေါက်တာ ဒေါ်ဆင့်ဆင့်က ရှင်းလင်းဟောပြောသည်။ **(အောက်ပုံ)**

(က-ပ)

အထက(၃)မင်္ဂလာတောင်ညွန့် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

အထက(၃) မင်္ဂလာတောင်ညွန့် (စိန့်ဂျိုးဇက်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် အထက်ပါကျောင်း ယူဇနေခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများအနေဖြင့်ဒေါ်ရှုကြည် ဖုန်း-၅၄၄၈၂၈၊ ဒေါ်မီမီအေးဖေ ဖုန်း-၅၄၅၄၄၁၊ ဒေါ်ခင်မမြွေး ဖုန်း-၂၄၂၆၄၄၊ ဒေါ်ခင်အေးလွင် ဖုန်း-၂၅၄၉၈၅၊ ဒေါ်ခင်အေးသစ် ဖုန်း-၂၄၆၀၁၁၊ ဒေါ်တင်တင်ရီ ဖုန်း-၃၉၄၉၅၇ နှင့် ဒေါ်ညွန့်ညွန့်ရီ ဖုန်း-၃၇၅၂၁၃ (ကျောင်း)တို့ထံ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ကိုယ်ကျိုးအတွက် မလိမ့်တပတ် အမြတ်ထုတ်တဲ့ အချောင်သမားလုပ်ရပ်

အောင်ဇေမင်း

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပိန္နဲကုန်းရွာက အဘတင်နှင့် အဘမောင်တို့ စာရေးသူအိမ်သို့ နံနက် ခပ်စောစော ရောက်လာပါတယ်။ ညနေပိုင်း သူတို့ရွာမှာ ဘုရားမီးပူဇော်ပွဲရှိနေတဲ့အတွက် မွန်းလွဲ ၂နာရီတွင် ရွာပြန်နိုင်အောင် အခုလို စောစောလာခဲ့ပါတယ်လို့ ပြောပါတယ်။

သူတို့နှစ်ယောက်ဟာ တိုင်းရေးပြည်ရေး စိတ်ဝင်စားသူတွေဖြစ်ပြီး တစ်စုံတစ်ခုကို ရင်ဖွင့်လိုတဲ့ ရည်ရွယ်ချက်နဲ့ လာတယ်ဆိုတာ ကြိုတင်အကဲခတ်မိပါတယ်။ စာရေးသူတို့မိသားစုက နံနက်စာကို လက်ဖက်ရည်၊ မုန့်နဲ့ ဧည့်ဝတ်ပြုပါတယ်။ သောက်လက်စ လက်ဖက်ရည်ခွက်ကိုအသာချပြီး အဘတင်က အခုလို စတင်ပြောပါတယ်။

"အဘတို့ ရင်ဖွင့်စရာ ခံစားချက်တွေကို မောင်ရင်တို့လို စာရေးဆရာတွေဆီမှာ ရင်ဖွင့်မှ တိုင်းသိပြည်သိ ကမ္ဘာသိဖြစ်မယ်။ အဘတို့ပြောတဲ့ အမှန်တရားတွေကို အများသိစေချင်လို့ပါ။ ကုန်ခဲ့တဲ့ရက်ပတ်က သက်ဝင်းအောင်ဆိုတဲ့ လူငယ်တစ်ဦး ထောင်ထဲမှာ သေဆုံးသွားတဲ့ကိစ္စကို အမျိုးသားခေါင်းဆောင်ကြီးတစ်ဦး ကွယ်လွန်သွားသလိုပဲ အနောက်သြဇာခံ သတင်းဌာနတွေက ဝမ်းနည်းကြောင်းတစ်နည်း၊ ဂုဏ်ပြုကြောင်းတစ်ဖုံ၊ နားငြီးအောင် ထုတ်လွှင့်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေနဲ့ တစ်တန်းတစ်စားတည်းလိုလို အမွှမ်းတင်ပြောဆိုသွားခဲ့တယ်။ အဘတို့လုံးဝလက်မခံနိုင်ဘူး။ အဘတို့လည်း လူတစ်ယောက်သေဆုံးသွားတယ်ဆိုတာကို ဘယ်သူသေသေ ဘယ်စိတ်ကောင်းပါ့မလဲ။ ဒါပေမယ့် အခုလို သာမန်လူငယ်တစ်ယောက် သေဆုံးတဲ့ကိစ္စကို ဘယ်လိုမှ အမျိုးသားခေါင်းဆောင်ကြီးတွေနဲ့ တစ်တန်းတစ်စားတည်း မနှိုင်းသင့်ဘူးလို့ အဘတို့ရွာက NLD တစ်ယောက်ကို ပြောလိုက်ပါတယ်။ သူက ဒါကတော့အဘရယ် သေသူဟာ ဘယ်လို အဆင့်အတန်းမျိုးဖြစ်ဖြစ် ဒီလိုပဲ ပုံကြီးချဲ့ပြီး ကမ္ဘာကသိအောင် နိုင်ငံရေးတိုက်ကွက်ဖော်ရတယ်။ အစိုးရကို ပြည်သူတွေ ဆန့်ကျင်လာအောင် ဖန်တီးရတယ်။ သက်ဝင်းအောင် အလောင်းကိုသာ ရန်ကုန်အထိ သယ်ခွင့်ရရင် ကျွန်တော်တို့လူတွေ အလောင်းထမ်းပြီး လူထုအုံကြွမှုဖြစ်အောင် ကြိုးစားကြရမယ်လို့" ပြန်ပြောတယ်။

ဒီလိုသာ လိမ်ညာအကွက်ဆင်ပြီး နိုင်ငံရေး တိုက်ကွက်ဖော်နေမယ်ဆိုရင် သူတို့တွေမှာ အမှန်တရားဆိုတာ ဘာတစ်ခုမှရှိမယ်မဟုတ်ဘူး။ နောင်ကိုလည်း ဒီလိုပဲ ကြမ်းပိုးကို လိပ်ဖြစ်အောင် လိမ်ညာပြောပြီး အမြတ်ထုတ် ကိုယ်ကျိုးရှာနေကြမှာပဲ။ ကိုသက်ဝင်းအောင် သေဆုံးတဲ့ကိစ္စကို သူ့အဖေ ဦးဝင်းမောင်ကိုယ်တိုင် BBC နဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဆေးစာအရ နှလုံးရောင်ရောဂါနဲ့ သေဆုံးတာ ဖြစ်နိုင်ပါတယ်လို့ အတည်ပြုပြောကြားသွားခဲ့သေးတယ်။ ပြီးတော့ ကိုသက်ဝင်းအောင်ကို ထောင်ဆေးရုံမှာပဲ ရေရှည်နေထိုင်ခွင့်ပြုပြီး ကုသပေးခဲ့တယ်လို့လည်း ကြားလိုက်ရပါတယ်။ အဲဒီအပေါ် အနောက်သြဇာခံ BBC, VOA, RFA စတဲ့ သတင်းဌာနတွေက အစိုးရကြောင့် သေသလို အမျိုးမျိုး လုပ်ကြံသတင်းတွေ ထုတ်လွှင့်ခဲ့ကြတယ်။ အရင်လမ်းစဉ်ပါတီ အစိုးရခေတ်ကလည်း နိုင်ငံရေးသမားတွေ ထောင်တွင်းမှာ ဆေးကုသရင်း သေဆုံးခဲ့ဖူးတယ်။ အနောက်နိုင်ငံတွေမှာလည်း ထောင်တွင်းမှာ အကျဉ်းသားသေတာတွေ ဘယ်လိုမှ မကင်းကြပါဘူး။ ဒါပေမယ့် အခုလို ကိုသက်ဝင်းအောင်သေတာကို ပုံကြီးချဲ့ပြီး ဖော်ပြနေတာဟာ ကိုသက်ဝင်းအောင်အပေါ် စေတနာထောက်ထားလို့ မဟုတ်ဘဲ နိုင်ငံရေး တိုက်ကွက်အတွက် အသုံးချမှုတစ်ခုသာ ဖြစ်တယ်ဆိုတာ သိသာထင်ရှားနေတယ်။ ဒါဟာ ဘယ်လိုမှ မလုပ်ကောင်းတဲ့ကိစ္စပဲ။

အဘမောင်။ ။ ပြောစရာတစ်ခုရှိသေးတယ်၊ အဘတို့ကော့မှူးမြို့နယ် ထန်းမနိုင်ရွာက ကလေးမလေး တစ်ယောက်ကို ရယကအဖွဲ့ဝင်တွေ ထောင်ကျသွားအောင် တိုင်ကြားတရားစွဲဆိုခဲ့တဲ့အတွက် ဆိုပြီး အနောက်အုပ်စုက ပြည်သူ့သူရဲကောင်းဆုပေးတယ်ဆိုလား။ ဘာလား။ အနောက်သတင်းဌာနတွေက ပြောသွားတယ်။ ဒီကလေးမလေးဟာ သာမန်တောသူမလေးတစ်ယောက်ပါ။ ပညာတတ်လည်း မဟုတ်ပါဘူး။ ဗဟုသုတလည်းသိပ်ရှိရှာတာမဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီလိုအနောက်အုပ်စုဘက်က သူရဲကောင်းဆုပေးထားတဲ့အတွက် အခု ဒီကလေးမလေးဟာ ထရခက် ထိုင်ရခက်ဖြစ်နေတယ်။ တစ်နယ်တည်းသားတွေဆိုတော့ မျိုးရိုးကအစ ဒီကလေးမလေးကို အဘတို့သိပါတယ်။ ဒီကနေ့ တပ်မတော်အစိုးရခေတ်မှာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်နေချိန်ဖြစ်တယ်။ အပြစ်ရှိတဲ့သူကို အပြစ်နဲ့တန်အောင် ဥပဒေအရ အရေးယူနေတာပဲမဟုတ်လား။ ဒါကြောင့်လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းနေတာပဲ။ အခုလိုသာ ရယကတွေကို ထောင်ကျအောင် အပြစ်မရှိအပြစ်ရှာပြီး တိုင်တန်းတရားစွဲတဲ့လူတိုင်းကို ဆုပေးမယ်ဆိုရင် အဲဒီလိုလူတွေ အဘတို့ဆီမှာလည်း ရှိကြပါတယ်။ ရယကအဆင့်တောင် မဟုတ်ဘူး။ အချို့ မြို့နယ်တွေမှာ မယကဥက္ကဋ္ဌကိုတောင် တိုင်ကြားတရားစွဲပြီး ထောင်ကျသွားတာတွေရှိပါတယ်။ နိုင်ငံတော်အစိုးရဟာ ဥပဒေနဲ့အညီ ပြည်သူ့အကျိုးကို ဆောင်ရွက်နေတယ်ဆိုတာ တိုင်းသိပြည်သိ ကမ္ဘာသိပါပဲ။ အဘတို့နိုင်ငံမှာ အပြစ်ကျူးလွန်တဲ့လူကို ဘယ်သူ့ကိုမဆို တရားစွဲဆိုခွင့်ရှိပါတယ်။ အမှန်တရားကို ဘယ်သူမဆို ဖော်ထုတ်ခွင့်လည်းရှိပါတယ်။ အခုလို အဘတို့ တိုင်းပြည်က လူအချို့ကိုအနောက်အုပ်စုက ဆုတွေပေးနေတယ်ဆိုတာဟာ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး တိုက်ပေးတာပဲ။ ဆုပေးခံရသူတွေလည်း ဒါတွေကို သိကောင်း သိပေမယ့် ဆုကိုပြန်မလှန်နိုင်တဲ့အတွက် အုတ်တံတိုင်းကို ခေါင်းနဲ့ဆောင့်သလို အနောက်ဆရာကြီးများ ကျေနပ်အောင် လုပ်ပြနေရတယ်။ တကယ်တော့ သူတို့တွေဟာ သနားစရာတွေပါ။ အခုလို အနောက် ဆရာကြီးတွေက မြန်မာ့ပြည်တွင်းရေးမှာ ဘာကြောင့် သွေးခွဲတိုက်ခိုက် နေရသလဲဆိုရင် သူတို့သြဇာခံတွေ အာဏာရရေးအတွက်ပဲ။ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူတာတွေ၊ မြန်မာ့အရေးကို အမျိုးမျိုး လုပ်ကြံပုံကြီးချဲ့ပြီး ကုလသမဂ္ဂလုံခြုံရေး ကောင်စီအာဂျင်ဒါအတွင်းသို့ ဆွဲသွင်းခဲ့တာ တွေဟာလည်း ဒီရည်ရွယ်ချက်အတွက်ပဲ။ ဒီအပေါ်မှာ အဘတို့လုံးဝ မခံမရပ်နိုင်အောင် ဖြစ်တယ်။ ဒါကြောင့် တိုင်းပြည်ကိုချစ်ရင် ပြည်ပအားကိုးအဆိုးမြင်ဝါဒကို စွန့်လွှတ်ကြပါ။ မိမိတို့နိုင်ငံနဲ့ လူမျိုးရဲ့ ပကတိဘဝကို ကျော်ခိုင်းဆန့်ကျင်ပြီး အနောက်ဒီမိုကရေစီကို ပုံတူကူးဖို့ မကြိုးစားပါနဲ့။ ပြည်ပသြဇာခံပြီး တိုင်းပြည်အကျိုးပျက်အောင် မလုပ်ပါနဲ့လို့ ပြောချင်တယ်။

အဘတင်။ ။ NLD ပါတီဝင်တွေနုတ်ထွက်တဲ့သတင်းကို သတင်းစာမှာ မကြာခဏ တွေ့နေရတယ်။ ဒီသတင်းကို အဘတို့ဝမ်းသာတယ်၊ ကြိုဆိုတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ပအားကိုး အဆိုးမြင်ဝါဒနဲ့ မစေ့စပ်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး အယူတိမ်းမှောက်မှားမှုအောက်က ရုန်းထွက်လာနိုင်လို့ပါပဲ။ ကိုယ့်တိုင်းရင်းသားအချင်းချင်း ဘာကြောင့် ပြည်ပကသွေးခွဲတိုင်းကွဲရမလဲ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေတောင် ဥပဒေဘောင်အတွင်းသို့ဝင်ရောက် လက်တွဲဆောင်ရွက်နေပြီလေ။ အမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံ လူထုလူတန်းစားကိုယ်စားလှယ်ပေါင်းစုံ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပုံဖော်နေကြပြီလေ။ ဒီကနေ့စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ချမှတ် အကောင်အထည်ဖော်နေပြီ။

အဲဒီလို NLD ကနုတ်ထွက်တဲ့အဖွဲ့ဝင်တွေကို သတင်းစာမှာ ဖော်ပြတဲ့အတွက် အစစအရာရာမှာ ပြည်သူတွေ အမြင်ရှင်းလာမယ်။ နိုင်ငံထူထောင်ရာမှာလည်း ပါဝင်ဆောင်ရွက်လာနိုင်ပြီ။ "တိုင်းရင်းသားအချင်းချင်း ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ဟိုရှေးကထက် ပိုချစ်ကြတယ်" ဆိုတဲ့သီချင်းလိုဖြစ်သွားကြတာပေါ့။ အချို့ကပြောတယ်။ ဘာဖြစ်လို့ NLD ပါတီဝင်တွေနုတ်ထွက်တဲ့ သတင်းကို သတင်းစာမှာ ဖော်ပြရသလဲတဲ့။ (၁၆)နှစ်ကျော် ပြည်ပအားကိုးအဆိုးမြင်ဝါဒအောက်ကို ကျရောက်နေခဲ့ရတဲ့ သူတွေ အခုလိုအမြင်မှန်ရပြီး ရုန်းထွက်လာတာကို သတင်းစာမှာ ဖော်ပြရုံမက ချီးကျူးမှုတောင်ပြုသင့်တယ်။ အခုလိုNLD ပါတီဝင်တွေ နုတ်ထွက်လာမှုကိုလည်း အစိုးရကဖိအားပေးလို့ နုတ်ထွက်နေရတယ်ဆိုပြီး အနောက်အုပ်စု သတင်းဌာနတွေက ထုတ်လွှင့်နေပြန်ပါတယ်။ NLD ပါတီရုံးချုပ်ကလည်း ပြောနေတယ်။ NLD ဟာ တရားဝင်ပါတီတစ်ခုပဲ။ မနုတ်ထွက်ချင်လည်း နေလို့ရပါတယ်။ အခုလည်း ဆက်ရှိနေတဲ့ အဖွဲ့ဝင်တွေရှိနေသားပဲ။ တကယ်တော့ ဘာတစ်ခုမှ အကျိုးမရှိမှန်းသိလာရင် ဘယ်လိုမှ စည်းရုံးထားလို့ရမှာ မဟုတ်ဘူး။ နုတ်ထွက်ကြမှာပဲ။ တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်တွေလည်း အဲဒီလိုပဲ လက်နက်ချ အလင်းဝင်လာတာတွေရှိတယ်။ အစိုးရနဲ့ ငြိမ်းချမ်းရေးယူပြီး ပူးပေါင်း ဆောင်ရွက်လာတာတွေရှိတယ်။ ကိုယ့်အမှားကိုယ် မြင်လည်းမမြင်၊ ပြင်လဲမပြင်နိုင်တဲ့ အင်အားစုအချို့နဲ့ အဖွဲ့အချို့ကသာ လမ်းမှားက ရုန်းမထွက်နိုင်ဘဲ ကျန်နေတော့တယ်။

အဘမောင်။ ။ပြောစရာတစ်ခု ကျန်ပါသေးတယ်။ အခုအနားယူသွားတဲ့ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ၁၇-၉-၉၄ ရက်က ကျင်းပခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ လူ့အရင်းအမြစ်များဆိုင်ရာ နိုင်ငံတကာညီလာခံမှာ အနောက်ဒီမိုကရေစီအပေါ် သတိထားဖို့ ပြောကြားသွားတာကို အခုလို ဖတ်ခဲ့ရတယ်။

"အရေးကြီးတာက အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီအပေါ် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားမထောင်မိကြဖို့ပဲ။ ဒီမိုကရေစီဆိုတာ လိုအပ်တာထက်ပိုရင် နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေး ကျပ်တည်းမှု၊ ယဉ်ကျေးမှု ပျက်ယွင်းဆုတ်ယုတ်မှုနဲ့ ဆင်းရဲမွဲတေမှုတွေကို ပေါ်ပေါက်လာစေနိုင်တယ်။ အဲဒီလို အခြေအနေမျိုးမှာ အနောက်အုပ်စုက ကျွန်တော်တို့ကို ခြိမ်းခြောက်မှုတွေနဲ့ အကျပ်ကိုင်ကြတဲ့အထိ ဖြစ်လာနိုင်တယ်။ ဒီမိုကရေစီဆိုတာ အကန့်အသတ်မရှိ လွှတ်ပေးထားရင် လူ့အဖွဲ့အစည်းဟာ လိင်တူချင်းဆက်ဆံမှုတွေ၊ စာရိတ္တပျက်ယွင်း မှုတွေ၊ အဂတိလိုက်စားမှုတွေနဲ့ မိဘတစ်ဦးတည်းသာရှိတဲ့ မိသားစုများအထိ လျော့ကျပျက်စီးသွားနိုင်တယ်။

ဒီမိုကရေစီရဲ့ အနက်အဓိပ္ပာယ်အမှန်ကိုလည်း သိမယ်။ ဒီမိုကရေစီကို ဘယ်လို လက်တွေ့ကျင့်သုံးကြရမယ်ဆိုတာကိုလည်း သိမယ်ဆိုရင်တော့ ဒီမိုကရေစီဆိုတာ သိပ်ကောင်းတာပေါ့။ ဒီမိုကရေစီကို မှန်မှန်ကန်ကန် အသုံးမချတတ်ကြရင်တော့ ဒီမိုကရေစီဆိုတာ အင်မတန်ဆိုးရွားတဲ့စနစ်တစ်ခု ဖြစ်သွားစရာရှိပါတယ်။ ဒီမိုကရေစီဆိုတာ တချို့ ပြည်ပနိုင်ငံတွေမှာ ဖြစ်သလို လမ်းမတွေပေါ် စည်းမရှိ ကမ်းမရှိ ထွက်ပြီး ဆန္ဒပြကြ၊ ကားတွေမီးရှို့ကြ၊ အိမ်တွေဖျက်ဆီးကြတာမျိုးကို ဆိုလိုတာ မဟုတ်ဘူးဗျ"

ဒီကနေ့ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေက လူထုဆန္ဒပြလွှာဆိုပြီး လက်မှတ်ထိုးခဲ့မှုနဲ့ အဖြူရောင်ဖော်ပြချက်ဆိုပြီး လူထုလှုံ့ဆော်မှုတွေ လုပ်ခဲ့တယ်။ ဘာမှ အရာမထင်တဲ့အတွက် အခုတစ်ခါ သူတို့ တောင်းဆိုတဲ့ အချက်သုံးချက်ကို ထောက်ခံရင် ဆုတောင်းပွဲလုပ်ကြပါဆိုပြီး လုပ်ခဲ့ပြန်တယ်။ အောက်တိုဘာ ၂၉ ရက်က နိုဝင်ဘာ ၄ ရက်နေ့အထိ လုပ်သွားမယ်လို့ အနောက်သြဇာခံ BBC, VOA, RFA, DVB တို့က လှုံ့ဆော်ထုတ်လွှင့်ခဲ့တယ်။ ဗုဒ္ဓဘာသာဝင်တွေက ဘုရားစေတီပုထိုးတွေမှာ ပူဇော်ဆုတောင်းပါတဲ့။ မူဆလင်ဘာသာဝင်တွေက ဗလီမှာ ဝတ်ပြုဆုတောင်းပါတဲ့။ ခရစ်ယာန်ဘာသာဝင်တွေက ဘုရားကျောင်းမှာ ဆုတောင်းပါတဲ့။ တော်တော်ရွှေဉာဏ်တော် ကွန့်တဲ့လူလည်တွေပါလား။ ဒီတန်ဆောင်မုန်းလဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ လထူးလမြတ်တစ်လပဲ။ ဒီလအတွင်း စေတီပုထိုးဘုရားကျောင်းကန်တွေမှာ ကုသိုလ်ပြုကြတယ်။ ကထိန်သင်္ကန်းတွေ ကပ်လှူကြတယ်။ တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပကြတယ်။ ရွှေတိဂုံစေတီတော်နဲ့ မြန်မာပြည်အရပ်ရပ်က ထင်ရှားတဲ့ စေတီပုထိုးတွေမှာ ဆီမီးပူဇော်ပွဲတွေ အလွန်စည်ကားကြတယ်။ တန်ဆောင်မုန်း လဆန်း ၁၄ ရက် (အဖိတ်နေ့)၊ ၁၅ရက် (လပြည့်နေ့)၊ လဆုတ် ၁ ရက်နေ့တွေမှာ တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပခဲ့တယ်။ အဲဒီမှာ လူတွေဆီမီးပူဇော်ဆုတောင်းကြတယ်။ မူဆလင်ဘာသာဝင်တွေဟာ သောကြာနေ့မှာ ဝတ်ပြုတယ်။ တနင်္ဂနွေနေ့မှာ ခရစ်ယာန်ဘာသာဝင်တွေ ဘုရားကျောင်းတက် ဆုတောင်းမေတ္တာပို့ကြတယ်။ အဲဒီလို ဘာသာရေး နေ့ထူးနေ့မြတ်တွေပါမကျန် မလိမ့်တပတ် အမြတ်ထုတ်ပြီး ဝါဒဖြန့်နေမှုတွေကို အစိုးရက တားသင့်တယ်။ ဒါတွေဟာ ပြည်ပနဲ့ ချိတ်ဆက်လုပ်တဲ့ လူထုလှုံ့ဆော်ရေး အဖျက်လုပ်ရပ်တွေပဲ။

ငါတို့ တောင်းဆိုချက်သုံးရပ်ကို ထောက်ခံရင် အမျိုးသမီးတွေ ထဘီဝတ်ပြပါဆိုသလို အပေါစား ပြက်လုံးဖြစ်နေပေမယ့် အဲဒီရက်အတွင်းမှာ သူတို့အုပ်စုကို မထောက်ခံလိုသူတွေ ဘုရားမီးမပူဇော်ရဲအောင်၊ ဗလီမတက်ရဲအောင်၊ ဘုရားကျောင်းမတက်ရဲအောင် နှောင့်ယှက်နေသလို ဖြစ်နေတယ်။ အမျိုးသား သင့်မြတ်ရေးတွေ၊ မေတ္တာတရားတွေကို အသံကောင်းဟစ်ပြီး ဘာသာကိုးကွယ်မှုပါမကျန်အောင် ခုတုံးလုပ်ခဲ့တယ်။

ဒီ ၈၈ မျိုးဆက်အုပ်စုဝင်တွေဟာ ဒေါ်စုကြည်နဲ့ ၈၈ မျိုးဆက်တွေ၊ နိုင်ငံရေးသမားတွေ လွှတ်ပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆန္ဒပြုလွှာ ကောက်ခံတယ်လို့ ဆိုတယ်။ နိုင်ငံတော်အစိုးရက တစ်စုံတစ်ရာ ပိတ်ပင်ဟန့်တားမှုတွေ မလုပ်ခဲ့ဘူး။ သူတို့ကို ထောက်ခံတဲ့ လက်မှတ်ပေါင်း ငါးသိန်းကျော်ရတယ်လို့ BBC, VOA, RFA, DVB သတင်းဌာနတွေက ရေးကြီးခွင်ကျယ် ထုတ်လွှင့်ပေးတယ်။ မြန်မာ့လူဦးရေ ၅၅ သန်းကျော်ရှိတဲ့အထဲမှာ သူတို့ကိုထောက်ခံသူ ငါးသိန်းကျော်ရှိတယ်ဆိုတာ ဟုတ်ရဲ့လားလို့ အဘတို့ရွာက NLD အဖွဲ့ဝင်တစ်ယောက်ကို မေးကြည့်တယ်။ သူက အဘရယ်-ဒီရတဲ့လက်မှတ်ဆိုတာ လူတစ်ယောက်တည်းက ရာနဲ့ချီပြီး အတုထိုးလိုက်တာရှိတယ်။ အမည်မပါ ဒေသမပါတဲ့ လက်မှတ်တွေလည်း အများကြီးပါတယ်။ လိမ်ညာထိုးခိုင်းတာလည်း ပါတယ်။ ဘယ်လိုလက်မှတ်တွေရရ ဘယ်သူမှ လာမစစ်ပါဘူး။

အဓိကအချက်က ပြည်သူတွေ စိတ်ဝင်စားလာပြီး နိုင်ငံတကာက အထင်ကြီးလာအောင် လုပ်ပြဖို့။ နောက်ဆုံး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအပေါ် အရေးယူနိုင်အောင် ပြည်တွင်းပြည်ပ ချိတ်ဆက် ဝါဒဖြန့်ဖို့ အရေးကြီးတယ်လို့ ပြောတယ်။ ဟုတ်တယ်။ လက်မှတ်တုလုပ်တာတွေ၊ လိမ်လည်မှုတွေ သတင်းစာတွေမှာ ပါလာနေတယ်။ သံဃာတော်အမည်တွေပါ လိမ်ညာဖော်ပြတယ်လို့ သတင်းစာမှာ ဖတ်လိုက်ရတယ်။

ဒီအတိုင်းဆိုရင် သူရှူးသူပြန်ပတ်သလို ဖြစ်မနေဘူးလား။ မြန်မာ့လူဦးရေ ၅၅သန်းကျော်ရှိတယ်။ သူတို့ကို ထောက်ခံသူဟာ မပြောပလောက်ကလေးသာရှိတယ်ဆိုတာကို သူတို့ဟာသူတို့ ဖော်ပြသလို ဖြစ်မနေဘူးလား။ အမှန်က ဒီလုပ်ရပ်မျိုးဟာ ပြည်သူအပေါ် မလိမ့်တပတ် ကိုယ်ကျိုးအတွက် အမြတ်ထုတ်တဲ့ အချောင်သမား လုပ်ရပ်ဖြစ်နေတယ်။ အဲဒီလိုသာ အချောင်သမားအုပ်စုတွေ ပြည်သူ့အပေါ်သာမက ဘာသာကိုးကွယ်မှုပါ မကျန်အောင် မလိမ့်တပတ် ကိုယ်ကျိုးအတွက် အမြတ်ထုတ်လာကြရင် တည်ငြိမ်အေးချမ်းမှု ပျက်သွားနိုင်တယ်။ ဒါကြောင့် အစိုးရက အချိန်မီတားသင့်တယ်လို့ မြင်တယ်။ အမှန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၈၈ မျိုးဆက်အုပ်စုဝင်တွေဟာ မိမိတို့ပါတီနဲ့ အပေါင်းပါတစ်ခုတည်းအတွက်ဆိုတဲ့ အတ္တသင်္ဂဟအစုအပေါင်း နယ်ပယ်တွင် ကျုံ့လာတာနဲ့အမျှ လောကသင်္ဂဟတရားဖြစ်တဲ့ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးဆိုင်ရာ အများရဲ့ အကျိုးစီးပွားကို လျစ်လျူရှုပစ်ပယ် လာတာဖြစ်တယ လို့ ကောက်ချက်ဆွဲရင်း စကားဝိုင်းကို အဆုံးသတ်ပြီး အဘတင်၊ အဘမောင်တို့လည်း ရွာသို့ပြန်သွားခဲ့ပါတယ်။ ။

တရုတ်နိုင်ငံ ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟောကျိုးမြို့တွင် တိုင်းရင်းသား ယဉ်ကျေးမှုပွဲတော် ကျင်းပနေသည်ကို နိုဝင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်တောင်ပိုင်းမြို့ပြဒေသအချို့၌ ဘူမိမြေသားပြောင်းလဲခြင်းဆိုင်ရာ အန္တရာယ်များနှင့် ကြုံရ

ကွမ်ကျိုး နိုဝင်ဘာ ၂၁

တရုတ်နိုင်ငံတောင်ပိုင်း ပုလဲမြစ်ဝှမ်းဒေသရှိ စီးပွားရေး စန်းပွင့်လာသော မြို့ပြဒေသအချို့တွင် ဘူမိဗေဒဆိုင်ရာ အားနည်းချက်များကြောင့် အန္တရာယ်များ ကျရောက်သည့် အခြေအနေများနှင့် ကြုံတွေ့ရသည်ဟု နိုဝင်ဘာ ၁၈ ရက် သတင်းများက ဖော်ပြသည်။

မြေဧရိယာ စတုရန်းကီလိုမီတာ ၄၀၀၀၀ ကျယ်ဝန်းသော အဆိုပါဒေသသည် နိုင်ငံ့စီးပွားရေးတွင် ဂျီဒီပီ၏ ၁၀ရာခိုင်နှုန်းနီးပါး ထုတ်လုပ်ပေးလျက်ရှိသည်။

အဆိုပါဒေသတွင် မြေသားများ အက်ကွဲလာခြင်း၊ မြေသား ကျွံဝင်ခြင်း၊ ရွှံ့နှင့် ကျောက်သားများ စီးထွက်လာခြင်းနှင့် မြေပြိုခြင်းစသော ဘူမိသဘာဝဆိုင်ရာ အန္တရာယ်များကို ကြုံတွေ့ရသည်ဟု ကွမ်တုံပြည်နယ်မြေယာနှင့် အရင်းအမြစ်ဌာနက ပြောကြားသည်။

ကွမ်ကျိုးဒေသ တစ်ခုတည်း၌ပင် ပြီးခဲ့သော ဆယ်စုနှစ်အတွင်းက ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်ပေါင်း ၃၃ခု ကြုံတွေ့ခဲ့ရသည်။ ထိုမြစ်ဝကျွန်းပေါ်ဒေသရှိ အနည်းဆုံး မြို့ပေါင်း ၁၄မြို့ရှိ ကမ်းနားပိုင်း ဒေသများသည် မြေကျွံဝင်သည့် အန္တရာယ်များကို ရင်ဆိုင်ခဲ့ရသည်။ ထိုအဖြစ်နှင့် ကြုံရသောမြို့များတွင်ကွမ်ကျိုး၊ ကွေဟိုင်းနှင့် ရှန်ကျန်းစသော မြို့များ ပါဝင်သည်။ အဆိုးရွားဆုံး အန္တရာယ်ကြုံတွေ့ရသောနေရာတွင် တစ်နှစ်အတွင်း စင်တီမီတာ ၂၀အထိ မြေနိမ့်ဆင်းသွားသည့်အခြေအနေနှင့် ရင်ဆိုင်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စလိုဗက်နိုင်ငံ၌ မိုင်းတွင်းပြိုကျ လုပ်သားလေးဦး ပိတ်မိနေ

ဘရစ်တီစလာဗာ နိုဝင်ဘာ ၂၁

စလိုဗက်နိုင်ငံ နိုဗာကီမြို့အနီးတွင် နိုဝင်ဘာ ၁၆ ရက်က မိုင်းတွင်းပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် အလုပ်သမား လေးဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသခံ စီတီအေသတင်းဌာနက ထုတ်ပြန်သည်။

မြေအောက်အနက် မီတာ ၂၀၀ ဝန်းကျင်၌ မိုင်းလုပ်သား ကိုးဦးအလုပ်လုပ်နေသော လိုဏ်ခေါင်းအတွင်းသို့ ရွှံ့နှင့်ရေများ ဝင်ရောက်လာကာ တွင်းပြိုကျသည့်အဖြစ်နှင့် ကြုံခဲ့ရသည်ဟု သတင်းက ဆိုသည်။ ထိုလုပ်သားများအနက် ငါးဦးမှာ အထိအခိုက်မရှိ လွတ်မြောက်လာကြသော်လည်း ကျန်လုပ်သား လေးဦးမှာ မိုင်းတွင်းအတွင်း၌ ပိတ်မိနေခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

လက်စွပ်တစ်ကွင်း မျိုချခဲ့သည့် သူခိုး ဓာတ်မှန်ရိုက်စစ်ရာမှ အရေးယူခံရ

ဘာလင် နိုဝင်ဘာ ၂၁

ဂျာမနီနိုင်ငံမှ သူခိုးတစ်ဦးသည် ရတနာဆိုင်တစ်ဆိုင်မှ လက်စွပ်တစ်ကွင်းကို ခိုးယူပြီး ပါးစပ်အတွင်းသို့ မျိုချခဲ့သည်။ ၎င်းအား ရဲက စစ်ဆေးနေစဉ် ဝမ်းဗိုက် မခံမရပ်နိုင်အောင် အောင့်လာသည့်အတွက် ဆေးရုံတင်လိုက်ရပြီး ဓာတ်မှန်ရိုက်ကြည့်ရာ ခိုးရာပါ ပစ္စည်းကို ဓာတ်မှန်တွင်တွေ့ရသည့်အတွက် ခိုးထုပ်ခိုးထည်နှင့်အတူ အရေးယူခံလိုက်ရသည်။

ဂျာမနီနိုင်ငံအနောက်ပိုင်း ဘာဂလစ်ဂလက်ဘတ်မြို့တွင် နိုဝင်ဘာ ၁၇ရက်က ယင်းအမှုဖြစ်ပွားခြင်း ဖြစ်သည်။ ရတနာဆိုင်မှ ပစ္စည်းတစ်ခုကို အသက် ၃၀ ခန့်အရွယ်ရှိ လူတစ်ဦးက အလစ်သုတ်လိုက်သည်ကို ရဲတစ်ဦးက တွေ့မြင်လိုက်ပြီးနောက် မသင်္ကာသည့်အတွက် ၎င်းကိုခေါ်ယူစစ်ဆေးခဲ့သည်။

ထိုစဉ် ၎င်း၏ဝမ်းဗိုက်အလွန်အမင်း အောင့်လာသဖြင့် အူအတက်ပေါက်သည်ဟု ယူဆသည့်အတွက် ဆေးရုံသို့ အရေးပေါ်တင်ပို့ခဲ့ရသည်။ ဆေးရုံ၌ ဓာတ်မှန်ရိုက်ကြည့်ရာ ဝမ်းဗိုက်အတွင်း၌ လက်စွပ်ကိုတွေ့ကြရသည်။ ထို့ကြောင့် စာအိမ်အတွင်း အူလမ်းကြောင်း တစ်လျှောက် ထိုးသွင်း၍ရသောပိုက်ကို အသုံးပြုကာ ခိုးရာပါ လက်စွပ်ကို ပြန်လည်ထုတ်ယူနိုင်ခဲ့ သည်။ ယင်းဖြစ်ရပ်ကြောင့် ၎င်းသူခိုးမှာ လက်စွပ်မရဘဲ အဖမ်းခံလိုက်ရသည်။

အမ်အင်အေ၊ရိုက်တာ။



အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ဖြစ်ပွားကာ မငြိမ်မသက် ဖြစ်ပွားနေမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ နိုင်ငံတောင်ပိုင်း ရှိမြစ်အတွင်း ကင်းလှည့်နေသည်ကို နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး ပနားမား၌လုပ်ငန်းစဉ်ချမှတ်

ပနားမားစီးတီး နိုဝင်ဘာ ၂၁

ပနားမားအစိုးရသည် နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းရှိသော ဆင်းရဲနွမ်းပါးသူများ၏ အခက်အခဲကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ငန်းစဉ်တစ်ရပ် စတင်ချမှတ်လိုက်ကြောင်း ပနားမားနိုင်ငံ သမ္မတ မာတင်တော်ရီဂျို့စ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပနားမားနိုင်ငံမြောက်ပိုင်း ကိုကလီမြို့၌ ကျင်းပသည့် ဆင်းရဲနွမ်းပါးသူများအတွက် နေအိမ်နှင့် လူမှုဖူလုံရေး ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနားတွင် သမ္မတက အထက်ပါအတိုင်း ပြောကြားသည်။

နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအတွက် ဖြေရှင်းနည်းကို ရှာဖွေခြင်းဖြင့်လည်းကောင်း၊ ဆင်းရဲနွမ်းပါးသူများ၏ အခက်အခဲများကို ဂရုပြုခြင်းဖြင့်လည်းကောင်း အစိုးရအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း တော်ရီဂျို့စ်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးလေ့ကျင့်

စင်ကာပူ နိုဝင်ဘာ ၂၁

စင်ကာပူနိုင်ငံ အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ (အက်စ်စီဒီအက်ဖ်) နှင့် ချန်ဂီကျေးရွာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်သူတို့သည် ချန်ဂီကျေးရွာအရှေ့ပိုင်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှုတစ်ရပ်ကို နိုဝင်ဘာ ၁၈ ရက်က ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ကားဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူများကို ပြုစုပုံလေ့ကျင့်မှုမျိုး ချန်ဂီရွာတွင် သရုပ်ဖော်ပြုလုပ်ခဲ့ကြောင်း၊ ယင်းသရုပ်ဖော် လေ့ကျင့်မှုကို အက်စ်စီဒီအက်ဖ်မှ တာဝန်ရှိသူများ လာရောက်လေ့လာကြည့်ရှုကြကြောင်း နယူးအာရှသတင်းချန်နယ်က သတင်းဖော်ပြသည်။

– ပါဝင် –

အဆိုပါ သရုပ်ဖော်လေ့ကျင့်မှုကို အဖွဲ့ပေါင်း ၁၃ ဖွဲ့ဖြင့် ကျင်းပပြီး ချန်ဂီကျေးရွာ ဟိုတယ်များ၊ ဈေးသည်များနှင့် ကုန်သည်များ ပါဝင်ကြသည်။

– လေ့ကျင့် –

အခြေခံအကူအညီပေးခြင်း၊ မီးငြိမ်းသတ်ခြင်း၊ ဗုံးပေါက်ကွဲမှုနှင့် ဓာတုလက်နက်ဆိုင်ရာ နှောင့်ယှက်မှု စသည့် ခြိမ်းခြောက်မှုမျိုးနှင့် ကြုံတွေ့ရချိန်တွင် လုပ်ဆောင်ရမည့် နည်းများအတိုင်း ဆောင်ရွက်ခြင်းတို့ကို လေ့ကျင့်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ မြွေအလှမွေးဆရာတစ်ဦး ဂင်းနစ်ကမ္ဘာ့မှတ်တမ်းဝင်ရန် ၂ပေ ၆ လက်မအရှည်ရှိ သံကွင်းစွပ်မြွေ ၁၀ ကောင်ကို ပါးစပ်အတွင်း ၁၂ စက္ကန့်ကျော်ကြာအောင် ငုံထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)



အိုက်စလန်မှ ဗုံးရှင်းလင်းရေးတပ်ဖွဲ့ လက်ဘနွန်သို့ စေလွှတ်မည်

စတော့ဟုမ်း နိုဝင်ဘာ ၂၁

အိုက်စလန် နိုင်ငံခြားရေးဝန်ကြီး ဗာလ်ဂါဒါ ဆဗာရစ် ဒေါ့တီသည် လက်ဘနွန်နိုင်ငံသို့ ဗုံးရှင်းလင်းရေးတပ်ဖွဲ့စေလွှတ်ရန် ဆုံးဖြတ်လိုက်ကြောင်း၊ လက်ဘနွန်နိုင်ငံရှိ မိုင်းဗုံးများကို ရှင်းလင်းဖယ်ရှားပေးမည်ဖြစ်ကြောင်း မီဒီယာသတင်းတစ်ရပ်က သောကြာနေ့တွင် ဖော်ပြသည်။

အိုက်စလန်နိုင်ငံမှ ဗုံးရှင်းလင်းရေး ကျွမ်းကျင်သူများသည် ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် လက်ဘနွန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီးနိုင်ငံတောင်ပိုင်းတွင်မိုင်းဗုံးများကို ရှင်းလင်းပေးမည် ဖြစ်ကြောင်း ဆဗာရစ်ဒေါ့တီက ပြောကြားသည်။

အိုက်စလန်နိုင်ငံမှ ဗုံးကျွမ်းကျင်သူများသည် ဆွီဒင်အရေးပေါ်ကယ်ဆယ်ရေးတပ်ဖွဲ့နှင့်အတူလုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဟီလာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ၂၂ဦးသေဆုံး၊ ၄၀ကျော် ဒဏ်ရာရရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၁

အီရတ်နိုင်ငံတောင်ပိုင်း ဟီလာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ဆောက်လုပ်ရေးလုပ်သား ၂၂ဦးထက်မနည်း သေဆုံးကာ ၄၀ထက်မနည်း ထိခိုက်ဒဏ်ရရှိသွားကြောင်း သတင်းများက ဖော်ပြသည်။

အသေခံကားဗုံးခွဲတိုက်ခိုက်သူတစ်ဦးသည် လူစုလူဝေးရှိရာနေရာ အရောက်တွင် ဗုံးကို ဖောက်ခွဲခြင်းဖြစ်သည်။ ထိုဗုံးဖောက်ခွဲမှုဖြစ်ရပ်ကြောင့် ၂၂ ဦး သေဆုံးပြီး ၄၄ဦးခန့် ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံဝန်ထမ်းများအား ကိုးကား၍ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသခံရဲတပ်ဖွဲ့၏အစောပိုင်းသတင်းအရဟီလာမြို့တောင်ပိုင်းတွင် အသေခံကားဗုံးဖောက်ခွဲသူ တစ်ဦးသည် တနင်္ဂနွေနေ့နံနက်ပိုင်းက ဆောက်လုပ်ရေးလုပ်သားများရှိရာ နေရာအရောက်တွင် ကားဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ၁၇ဦး သေဆုံးသွားကြောင်း သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံအစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိ ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၂

စင်ကာပူသမ္မတနိုင်ငံ၌ နိုဝင်ဘာ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ အစည်းအဝေးများသို့ တက်ရောက်ခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ဦးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၈)ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၁၆ရက်တွင် စင်ကာပူသမ္မတနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ရာ အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒေသအတွင်း တိရစ္ဆာန်ရောဂါကာကွယ်ထိန်းသိမ်းရေး အစီအစဉ်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်တိုးချဲ့ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော စားနပ်ရိက္ခာ ပစ္စည်းများထုတ်လုပ်မှု တိုးတက်ရေး၊ ရေရှည်တည်တံ့သော သစ်တောထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၏ (၆)ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် ဝန်ကြီးများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်လူ့အဖွဲ့အစည်း၏ ဓလေ့ထုံးတမ်း အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်ရန် လိုအပ်မှုများကို သဘောတူကြပြီး ကြက်ငှက်တုပ်ကွေးရောဂါသည် ဒေသအတွင်း ပြန်လည်ဖြစ်ပွားရန် အခြေအနေများ ရှိနေဆဲဖြစ်သဖြင့် ယင်းရောဂါကာကွယ်တိုက်ဖျက်ရေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကမ္ဘာ့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ လောင်စာစွမ်းအင် လုံခြုံစိတ်ချရရေးနှင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးမှုရရှိရေးအတွက် ဇီဝပစ္စည်းအရင်းအမြစ်များနှင့် ယင်းတို့မှ စွမ်းအင်ထုတ်ယူအသုံးချမှုဆိုင်ရာ နည်းပညာများ ထိရောက်ကျယ်ပြန့်စွာဖြင့် ရေရှည်အသုံးချနိုင်ရန်အတွက် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးဆုံးဖြတ်ကြကြောင်း သိရှိရသည်။

အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံတိရစ္ဆာန် ကျန်းမာရေးရန်ပုံငွေ ထူထောင်ရေးဆိုင်ရာ သဘောတူညီမှုလက်မှတ်ရေးထိုးပွဲကို ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်ဝန်ကြီးများက တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆန်အရန်ရိက္ခာများ ထိန်းသိမ်းထားရှိရာ၌ လေလွင့်ဆုံးရှုံးမှု လျှော့နည်းရေးအတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၌ ခေတ်မီသိုလှောင်ရုံများ ထားရှိရေးနှင့် မြန်မာနိုင်ငံ၏ အဆိုပြုချက်ဖြစ်သော အာဆီယံအဖွဲ့ဝင် လေးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံများ၏ လယ်ယာကဏ္ဍယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ရေးအတွက် လူသားအရင်းအမြစ်စွမ်းရည် ဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော်စံပြကျေးရွာတွင် ဆောက်လုပ်ပြီးစီးသွားသော ဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၉ရက်က ကျင်းပရာ ဘိုးဘွားများအာဟာရ ငွေပဒေသာပင်အဖြစ် ဘဟာအီသာသနာနေရှင်နယ်အဖွဲ့ချုပ်က လှူဒါန်းသော ငွေကျပ် သိန်း၄၀ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အဖွဲ့ချုပ်ကိုယ်စား ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးရွှေသီးတို့က ပေးအပ်လှူဒါန်းစဉ်။ (၅၂၉)

ဆွမ်းလောင်းပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်(ဃ)ရပ်ကွက်လုံးဆိုင်ရာ တတိယအကြိမ်မြောက် ဆုထူးပန် ကြာသပတေးဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲနှင့် ထေရဝါဒ တရားပွဲ ဓမ္မသဘင်ကို (ဃ)ရပ်ကွက် လွတ်လပ်ရေးလမ်း ဆွမ်းလောင်းအသင်း ဓမ္မာရုံရှေ့မဂ်လာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂၃ရက်ညတွင် အရှင်ကောသလ္လ(ဓမ္မစေတီ)ဆရာတော်အရှင်သူမြတ်၊ ၂၄ရက်ညတွင် အရှင်အာစာရလင်္ကာရ(စစ်ကိုင်း–ရွှေဟင်္သာ) ဆရာတော်၊ ၂၅ရက်ညတွင် အရှင်ကောဝိဒ (မန္တြီမဂုဏ်ရည်)၊၂၆ရက်ညတွင် အရှင်ခေမိန္ဒ(စစ်ကိုင်း–ခင်မကန်) ဆရာတော်၊ ၂၇ရက်တွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီမှစတင်၍ ဟောကြားချီးမြှင့်သွားမည်ဟု သိရသည်။ (၅၀၆)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကိုင်းတန်းလမ်း ကတ္တရာခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်တို့လိုက်ပါလျက် ယမန်နေ့ နံနက်က လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း လမ်းအရှည် ပေ ၇၅၀ကို ကျောက်ချောကတ္တရာခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့အား အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ခံ အင်ဂျင်နီယာ လက်ထောက်ဌာနမှူး ဒေါ်တင်အောင်က လမ်းခင်းကျင်းနေမှုနှင့် ပတ်သက်၍ လုပ်ငန်းအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ရှိသူများ၊ ရပ်ကွက်၊ လမ်းတာဝန်ရှိသူများ၊ လမ်းသူလမ်းသားများအား တွေ့ဆုံ၍ လမ်းရေရှည်တည်တံ့ကောင်းမွန်စေရန် မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ မြို့တော်ဝန်က မိုးအခါလမ်းပေါ်မှရေများ ရေမြောင်းအတွင်း လျှင်မြန်စွာစီးဆင်းမှုကို အနှောင့်အယှက် ဖြစ်စေသည့် လမ်းပခုံးထက်မြင့်သော မြေသားနှင့် ကွန်ကရစ် အကာအရံများကို ဖယ်ရှားပစ်ရန် လိုကြောင်း ဆွေးနွေးမှာကြားသွားသည်။ (၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်း ကျောက်ချောကတ္တရာခင်းကျင်း နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၂၀ရက်မှ ၂၅ရက်အထိကျင်းပမည့် Training Course on Supply Chain Management for Agribusiness SMES in The Mekong Region သင်တန်းသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းနိုင် နိုဝင်ဘာ ၁၉ရက်က လေကြောင်းခရီးဖြင့်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(ဓာတ်ပုံ ကုန်သည်/စက်မှု)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက နှစ်ပတ်လည်အစည်းအဝေးကျင်းပရေးလုပ်ငန်းစီမံချက်ပါ ဆပ်ကော်မတီအသီးသီးတို့ ဖွဲ့စည်းထားရှိမှုများနှင့်ပတ်သက်၍ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ နာယက ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရသည် ဒီဇင်ဘာ ၁ရက်မှ ၇ရက်အထိ ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် နိုဝင်ဘာ ၃၀ရက် ညနေအရောက် လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ၀၅၂-၂၃၂၆၃၊ ၀၉-၅၃၀၁၅၃၇၊ ကိုကျော်ဆန်း(ရန်ကုန်) ၀၉-၅၀၁၇၂၉၄တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

လမ်း(၅၀)ဓမ္မာရုံ ညောင်ပင်သာဆရာတော် တရားပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အင်းစိန်မြို့နယ် မင်းစေတီလမ်း ညောင်ပင်သာကျောင်းတိုက် မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ မိုးကုတ်နယ်လှည့် ဓမ္မကထိက အရှင်မာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်သည် ဗိုလ်တထောင် မြို့နယ်(၅)ရပ်ကွက် လမ်း(၅၀)ရှိ ဓမ္မမာမကဓမ္မာရုံ၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ရက် အထိ သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ငါးမွေးမြူရေးစခန်းများ စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင် သိမ်းသည် နိုဝင်ဘာ ၁၈ရက် ညနေပိုင်း တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ရောက်ရှိပြီး ဧရာဝတီတိုင်းအတွင်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဦးစီးဌာနမှူးများ၊ မွေးမြူ ရေး စခန်းတာဝန်ခံများအားတွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်းလျာထားချက် များ ပြည့်ဝကျော်လွန်စေရေးအတွက် အဘက်ဘက်မှ အားထည့်ဆောင်ရွက် ရေး အသေးစိတ် ရှင်းလင်းဆွေးနွေး မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် နိုဝင်ဘာ ၁၉ရက်တွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုက ဆောင်ရွက်လျက်ရှိသော ဖြိုးဧရာကုမ္ပဏီ လီမိတက် ငါးမွေးမြူရေးလုပ်ငန်း အမှတ်(၁) ငါးမွေးမြူရေးစခန်း(သဇင် ရေကျော်)က အသားတိုးငါး တစ်နေ့ လျှင် ပိဿာချိန်နှစ်သောင်း ဖော်ထုတ် ပြီး ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချ နေမှု အခြေအနေကို လည်းကောင်း၊ ဆက်လက်၍ အမှတ်(၂) ငါးမွေးမြူရေး စခန်း(ဝါးတော)သို့ရောက်ရှိပြီး မွေးမြူ ရေး စခန်း တာဝန်ခံ ဦးလှမြင့်အောင်နှင့် တာဝန်ရှိသူများက မွေးမြူထားရှိမှု အခြေအနေနှင့် ငါးငယ်ကန်၊ ငါးလတ် ကန်နှင့် အသားတိုးမွေးမြူကန်များရှိ ငါးများ ကြီးထွားနှုန်းနှင့် ရေအရည် အသွေးအခြေအနေများကို လည်း ကောင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား သည်။

ထို့နောက် ဝန်ကြီးသည် ငါးဖျန်းပြုစု ကန်ငယ်များနှင့် အသားတိုးမွေးမြူရေး ကန်များကို လှည့်လည် ကြည့်ရှုစစ်ဆေး ပြီး ငါးကန်လုပ်သားများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြိုးဧရာကုမ္ပဏီလီမိတက် အမှတ်(၂) ငါးမွေးမြူရေးစခန်း(ဝါးတော)ရှိ အသားတိုးငါးများ၏ ကြီးထွားနှုန်း ချိန်တွယ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

Business Ethics ခေါင်းစဉ်ဖြင့် ဟောပြောမည်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်ပြီး Media Express၏ ပံ့ပိုးကူညီမှုဖြင့် စီးပွားရေး လုပ်ငန်းရှင် ဦးထိန်ဝင်း (မြစ်မခ)က Business Ethics ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှု ဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါ ခန်းမ၌ ပြုလုပ်မည်ဖြစ်သဖြင့် စိတ်ပါ ဝင်စားသူမည်သူ မဆိုတက်ရောက်နိုင် ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံမွမ်ဘိုင်းမြို့ ဝိပဿနာစေတီတော်ကြီး တည်ထားကိုးကွယ်ရန် အတွက် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အနော်ရထာလမ်း ကြီးပွားရေး ရပ်ကွက်နေ ဦးဝင်းအောင်၊ ဒေါ်ညွန့်ရီ မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ကို အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်မြို့သို့ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် မုဒုံဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ပို့ဆောင်ပေးမည်

ရန်ကုန် နိုဝင်ဘာ ၂၂

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မုဒုံဘိုးဘွား ရိပ်သာ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်သော မုဒုံဘိုးဘွား ရိပ်သာရှိ ဘိုးဘွားများအား ရန်ကုန်မြို့ သို့ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် စီမံချက်ဖြင့် ဘိုးဘွား ၁၆ဦးနှင့် ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးပိုးရီ၊ ဘဏ္ဍာရေးမှူး ဒေါက်တာ မြင့်ဦး၊ အဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့် စိုး၊ အုပ်ချုပ်ရေးမှူး ဦးဝမ်းကြည်နှင့် ကော်မတီဝင်များ၊ ကြီးကြပ်စောင့် ရှောက်သူ ၃၈ဦးလိုက်ပါလျက် နိုဝင်ဘာ ၂၇ရက်တွင် ရန်ကုန်မြို့သို့ သွားရောက် ကြမည်ဖြစ်သည်။

နိုဝင်ဘာ ၂၈ ရက်တွင် ရွှေတိဂုံ၊ ကျိုက်ဒေးအပ်၊ ဆူးလေ၊ ကမ္ဘာအေး၊ စွယ်တော်မြတ်နှင့် အဘယလာဘမုနိနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ စသော နေရာများသို့ ကြည်ညိုလေ့လာနိုင်ရေး နှင့် ရန်ကုန်မြို့၏ တိုးတက်မှုမြင်ကွင်း တို့ကို တွေ့မြင်နိုင်ရေးအတွက် လှည့်လည်ပြသမည်ဖြစ်သည်။

ဘိုးဘွားများအတွက် ရည်စူးအလှူငွေ များ၊ ပစ္စည်းများ ဂါရဝပြုနိုင်ရေး အတွက် လှူဒါန်းလိုသောပုဂ္ဂိုလ်၊အသင်း ဝင်များသည် မုဒုံအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း- ၀၉၈၀-၃၄၅၁၇၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း-၅၃၉၄၅၃နှင့် ဘဏ္ဍာ ရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ (က-ပ)

မန္တလေးအကျဉ်းထောင်ရှိ အကျဉ်းသားများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေး

ရန်ကုန် နိုဝင်ဘာ ၂၂

မန္တလေးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများ၏ ကျန်းမာရေးအတွက် ပြင်ပအထူးကုသမားတော်ကြီးများ၊ တိုင်းရင်းဆေးသမားတော်ကြီးများနှင့် လိုအပ်ချက်ရှိတိုင်း ပြသပေးလျက်ရှိသည့် အပြင် အပတ်စဉ်ပုံမှန် သောကြာနေ့တိုင်းတွင်လည်း ပြသပေးပြီး လိုအပ်သော ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၃။ **လှုပ်လှုပ်ရှားရှားအဘိုးကြီးများ**
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လျှို့ဝှက်ချက်" (အပိုင်း-၃၆)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နောက်ဆုံးပစ်မှတ်" (အပိုင်း-၁၀)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

❖ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်း တွင် မြစ်ကြီးနားမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနား–နမ္မတီး–တနိုင်းကားလမ်း ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအနီး မိုင်တိုင်(၆၀/၀)ရှိ ဒွန်ဘန်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဒွန်ဘန်တံတား တည်ဆောက်ရေးရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ အင်ဂျင်နီယာ ဦးအယ်ထိန်နန်က မြစ်ကြီးနား၊ လဝါးကျေးရွာဘက်ကမ်းနှင့် တနိုင်း၊ ဒွန်ဘန်ကျေးရွာဘက်ကမ်းများတွင် ကမ်းကပ်ခုံ တည်ဆောက်ပြီးစီးမှု၊ ရေလယ်တိုင် P_1တွင် ကိုးပေအချင်းရှိ ကွန်ကရစ်ခွေများ ချထားမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူဟင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒွန်ဘန်တံတား ကမ်းကပ်ခုံ တည်ဆောက်ပြီးစီးမှုနှင့် တံတား P_1တွင် ရေလယ်တိုင်အုတ်မြစ် ကွန်ကရစ်ခွေများ အောက်ခြေသို့ ထည့်သွင်းချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒွန်ဘန်တံတားသည် ဒေသခံ တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေးအတွက် အရေးပါသော တံတား ဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်တည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများတွင် စံနမူနာပြအောင်မြင်အောင်ဆောင်ရွက်ရေး ရှင်းလင်းမှာကြားကာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–နမ္မတီး–တနိုင်းလမ်း မိုင်တိုင်(၉၈)ရှိ ယုဇနကုမ္ပဏီလီမိတက် ယုဇန ဘက်စုံစိုက်ပျိုးရေးစီမံကိန်း၏ ကြံစိုက်ပျိုးရန်အတွက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် ထယ်ထိုးမြေပြင်သည့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ယုဇနကုမ္ပဏီမှ ဦးငွေးမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်းစိုက်ခင်းသို့ ရောက်ရှိကြပြီး လုပ်သားများ၊ ကြံစိုက်ပျိုးနေမှုနှင့် စိုက်ပျိုးသည့် ကြံမျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး နဝဒေး(၃) ကြံမျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်၌ ဦးငွေးမြင့်က မြေလွတ်မြေရိုင်း ဖော်ထုတ်မှု၊ ကြံနှင့်ပလောပီနံ စိုက်ပျိုးရန် စီစဉ်ထားမှု၊ လုပ်သားအင်အားအခြေအနေနှင့် နှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး မြစ်ကြီးနား–တနိုင်း–ကားလမ်း မိုင်တိုင်(၁၀၂)၌ စက်ယန္တရားများဖြင့် မြေပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ယုဇန ဘက်စုံစိုက်ပျိုးရေးစီမံကိန်းသည် မြစ်ကြီးနား–တနိုင်း ကားလမ်းဝဲ၊ ယာ မိုင်တိုင်အမှတ်(၇၄)မှ (၉၀)၊ မိုင်တိုင်အမှတ်(၉၈)မှ (၁၁၄)တို့တွင် မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ ကြံနှင့်ပလောပီနံတို့ကို ဧကနှစ်သိန်း စိုက်ပျိုးရန် လျာထားပြီး ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းမှာကြားသည်။

ရှေးဦးစွာ တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများသည် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတိုးတက်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာဒေါ်ရီရီသွယ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တနိုင်းတပ်နယ်ခန်းမ၌ တနိုင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးကို ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် စံနမူနာပြဆောင်ရွက်ရေး၊ ဒေသနှင့် ကိုက်ညီမည့် စပါးနှင့် အခြားနှစ်ရှည် သီးနှံများကိုလည်း စိုက်ပျိုးကြရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရေး မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင် Asia World Port Management Co. Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် ဒါရိုက်တာ ဦးမောင်ကြေးတို့ ရန်ကုန်မြို့ရှိ အမှတ်(၄) အလုံဆိပ်ခံတံတား တည်ဆောက်ပြီး B.O.T စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် သဘောတူစာချုပ်ကို ကဏ္ဍအလိုက် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမှတ်(၄)အလုံဆိပ်ခံတံတား တည်ဆောက်ရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အေးရှားဝေါလ် စာချုပ်ချုပ်ဆို

နေပြည်တော် နိုဝင်ဘာ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Management Co., Ltd တို့ အကြား ရန်ကုန်မြို့ရှိ အမှတ်(၄) အလုံဆိပ်ခံ တံတားတည်ဆောက်ပြီး B.O.T စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Asia World Port Management Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Management Co., Ltd. တို့အကြား လုပ်ငန်းလုပ်ကိုင်နိုင်ရေး စာချုပ်ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် Asia World Port Management Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဆိပ်ခံတံတားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်၊ Asia World Port Management Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် ဒါရိုက်တာ ဦးမောင်ကြေးတို့သည် ရန်ကုန်မြို့ရှိ အမှတ်(၄) အလုံဆိပ်ခံတံတားတည်ဆောက်ပြီး B.O.Tစနစ်ဖြင့် လုပ်ငန်း လုပ်ကိုင်ရေးအတွက် သဘောတူစာချုပ်ကို သက်ဆိုင်ရာကဏ္ဍအလိုက် လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို Asia World Port Management Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းမြင့်နိုင်ထံ ပေးအပ်ပြီး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

မြေဧရိယာ၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် သီးနှံစိုက်ပျိုးပြီးစီးမှုနှင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် စိုက်ပျိုးရန် လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ယခုနှစ်တွင် ဒေသ၌ ဖြစ်ထွန်းသည့် ကြံသီးနှံကို ပိုမိုတိုးချဲ့ စိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကေတုမတီစိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကြံစိုက်ခင်းများ၊ စက်ကိရိယာများနှင့် မြေယာ ထွန်ယက်ပြုပြင်နေမှုများကို ရှုရပ်မှ လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကေတုမတီ ဘက်စုံစိုက်ကွင်းတွင် ဧက ၉၈၂၅ ရှိသည့်အနက် ဧက ၅၀၃၄ ကို ဖော်ထုတ်ကာ မိုးစပါး ၁၆၈၁ ဧက၊ ချက်ကြံ ၁၅၉၈ ဧက၊ ခြံစည်းရိုး ကြက်ဆူဧက ၁၄၅၀ စိုက်ပျိုးထားပြီး နွေစပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ချဉ်ပေါင်လျှော်၊ သီဟိုဠ်ရက်နှင့် ရော်ဘာများကို တိုးချဲ့၍ ဆောင်ရွက်လျက်ရှိသည်။ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဘက်စုံစိုက်ကွင်း ကိုးခုရှိသည့်အနက် ကေတုမတီ၊ စပါးကြွယ်နှင့် မြောက်ရေကြည်စိုက်ခင်းတို့၌ ချက်ကြံဧက ၈၅၀၀စိုက်ပျိုးထားပြီး ဧက ၁၅၀၀ တိုးချဲ့၍ ဧက ၁၀၀၀၀ အထိ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

အင်တာနက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသတင်း

ရန်ပုံငွေနှင့် နေရာအခက်အခဲကြောင့် အီသီယိုးပီးယားတိရစ္ဆာန်ရုံမှ ခြင်္သေ့များအသတ်ခံရ

အဒစ္စအဘာဘာ နိုဝင်ဘာ ၂၂

ကမ္ဘာတွင် ရှားပါးစပြုနေပြီဖြစ်သော အဘီဆီးနီးယား ခြင်္သေ့မျိုးအချို့ကို အီသီယိုးပီးယားနိုင်ငံ၏ မြို့တော် အဒစ္စအဘာဘာရှိ တိရစ္ဆာန်ရုံတွင် မွေးမြူထားသည်။ ထိုတိရစ္ဆာန်ရုံသည် ထိုခြင်္သေ့ပေါက်များကို ပွားများအောင် မွေးမြူရမည့်အစား အချို့သောကောင်ရေများကို အဆိပ်ကျွေး၍ သတ်ပစ်နေကြောင်း သတင်းများက ဖော်ပြသည်။

ထိုတိရစ္ဆာန်ရုံကို အီသီယိုးပီးယားနိုင်ငံ ဘုရင်ဟေးဆီလစ်ဘီလက်ထက် လွန်ခဲ့သော ၅၇ နှစ်ကတည်းက တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိရစ္ဆာန်ဉယျာဉ်သည် ခြင်္သေ့ငယ်များကို ကျွေးမွေးပြုစုရန်နှင့် ထားစရာနေရာအခက်အခဲရှိသောကြောင့် နှစ်စဉ် သတ်ဖြတ်ပစ်နေရပြီး အသေကောင်ကို သားရေခွာ ရုပ်လုံးသွင်းသူတို့ထံ ရောင်းချနေရကြောင်း သိရသည်။

ကျွေးမွေးစောင့်ရှောက်ရန်အတွက် ရန်ပုံငွေအလုံအလောက်မရှိသည့်အတွက် ခြင်္သေ့အချို့ကို တောတွင်းသို့ ပြန်လွှတ်ရပြီး အချို့ကို အစိုးရဉယျာဉ်များသို့ ပေးပို့ခဲ့ရသည်။ သို့ရာတွင် ခြင်္သေ့ငယ် အများစုကိုမူ သားရေခွာ ရုပ်လုံးသွင်း သူများထံသို့သာ ပေးပို့နေရကြောင်း ခြင်္သေ့ဉယျာဉ်မှူး မူဟီဒင်အဗ္ဗဒူလာဇစ်က ပြောကြားသည်။

ယင်းအခြေအနေကိုတိရစ္ဆာန်ရုံဝန်ထမ်းများက နှစ်သက်ခြင်း မရှိကြသကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများကလည်း မလိုလားဘဲ ဖြစ်နေသည်။

ခြင်္သေ့ငယ်များကို အဆိပ်ကျွေး၍ သတ်ဖြတ်ရသောအဖြစ်မှ ကင်းစေရန် လက်ရှိတိရစ္ဆာန်ရုံကို တိုးချဲ့သည့် နည်းလမ်း သို့မဟုတ် ခြင်္သေ့ငယ်များအတွက် သီးခြားဘေးမဲ့တောတစ်ခု တည်ထောင်သည့် နည်းလမ်း နှစ်မျိုးဖြင့် ဖြေရှင်းနိုင်သည်ဟု ဆိုသည်။ ထိုဖြေရှင်းနည်းနှစ်မျိုးစလုံးကိုလည်း ခြင်္သေ့ဉယျာဉ်မှူး မူဟီဒင်အဗ္ဗဒူလာဇစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများက လိုလားကြကြောင်း သိရသည်။ **အင်တာနက်**

အီသီယိုးပီယား တိရစ္ဆာန်ဉယျာဉ်တွင် မွေးမြူထားသော ခြင်္သေ့အချို့ကို တွေ့ရစဉ်။

◆ **ကာကွယ်ရေးမှ**

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လမ်းများခင်းကျင်းထားရှိမှု၊ တံတားပေါ်မှ ၁၆လက်မရေပိုက်သွယ်တန်းပြီး သာကေတသို့ ရေပေးဝေမည့်အခြေ အနေတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငမိုးရိပ်တံတား (ကမာကြည်)သည် လေးလမ်းသွားဖြစ်သည်နှင့်အညီ လမ်းများကို ကတ္တရာလမ်းဖြစ်အောင် အချိန်မီတိုးချဲ့ဆောက်လုပ်သွားရန်နှင့် သုဝဏ္ဏနှင့် သာကေတဘက်ရှိတံတားတွင် ရေပိုက်လိုင်းသွယ်ခြင်းနှင့် ရေမြောင်းများ ဖောက်လုပ်ရန်တို့ကို တစ်ချိန်တည်းပြီးစီးရေးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန (စီမံကိန်းနှင့်ရေသန့်) ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက ရေမြောင်းများတည်ဆောက်မှု၊ တံတားတစ်ဖက်တစ်ချက်ရှိ ကွန်ကရစ်လမ်းများ ခင်းကျင်းထားရှိမှုအခြေအနေများနှင့် ပဲခူးမြစ်ဘေး ဒဂုံဆိပ်ကမ်းမှ သရက်ပင်ချောင်းအထိ ကွန်ကရစ်လမ်းပြီးစီးမှုအခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပွင့်လင်းရာသီရောက်ချိန်ဖြစ်၍ လုပ်ငန်းများကို သတ်မှတ်ထားချိန်တွင် ပြီးစီးအောင်ဆောင်ရွက်ရေးကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ငမိုးရိပ်တံတား(ကမာကြည်) ပေါ်သို့တက်ရောက်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မတန်းများကို ဆက်သွယ်သည့် ကြားတန်းများကွန်ကရစ်လောင်းနေမှု၊ သာကေတဘက်ကမ်းရှိ မြေကာနံရံတည်ဆောက်နေမှု၊ ချဉ်းကပ်လမ်းများတည်ဆောက်ရန် အတွက် မြေဖို့နေမှုနှင့် ၁၆လက်မ ရေပိုက်သွယ်ယူထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်ကာ ငမိုးရိပ်ချောင်းကိုဖြတ်သန်းတည်ဆောက်ထားပြီး တံတားအရှည်မှာ ပေ ၉၇၀၊ ယာဉ်သွားလမ်းအကျယ်မှာ ၄၈ ပေနှင့် တံတားဝဲ/ယာတို့၌ လူသွားလမ်း ခြောက်ပေစီ ထည့်သွင်းတည်ဆောက်ထားသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ်မှာ ၆၅ပေနှင့် အမြင့် ၁၁ပေရှိပြီး တံတားခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ဖြစ်သည်။

တံတားတည်ဆောက်ခြင်းလုပ်ငန်း၌ ဘိုးပိုင်လုပ်ငန်းအားလုံးပြီးစီး၍ တံတားရှိ အခန်း ၁၂ခန်းအနက် ၁၀ခန်းမှာ ကွန်ကရစ်ကြမ်းခင်းလုပ်ငန်းများ ပြီးစီးပြီး လက်ရန်း၊ လူသွားလမ်းနှင့် ရေလယ်တိုင် ကက်လောင်းခြင်းများသာ ကျန်ရှိသည့်အတွက် လုပ်ငန်းတစ်ခုလုံး၏ ၉၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

တံတားချဉ်းကပ်လမ်းမှာ သုဝဏ္ဏမြို့ဘက်တွင် ပေ ၅၂၀နှင့် သာကေတမြို့နယ်ဘက်တွင် ပေ ၄၀၀ ရှိပြီး သုဝဏ္ဏမြို့ရှိ ချဉ်းကပ်လမ်းမှာ မြေဖို့ခြင်း လုပ်ငန်းပြီးစီးနေပြီး သာကေတဘက်ရှိ ချဉ်းကပ်လမ်းမှာမြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

ဆောက်လုပ်ဆဲ ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးနေမှု အခြေအနေကို တွေ့ရစဉ်။
(သတင်းစဉ်)

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ် ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff **အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်း တင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။**
(သတင်းစဉ်)

➪ **အိန္ဒိယသမ္မတနိုင်ငံမှ**

စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊စစ်သံမှူး Col. Jasvinder Singh Chopra နှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်ရန် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် လေဆိပ်သို့ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွှန့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တပ်မတော် အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နေပြည်တော် လေဆိပ်ဧည့်ခန်းမဆောင်၌ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ...

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွှန့် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ လေတပ် ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC Chairman, Chief of Staff Committee and Chief of the Air Staff **နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**
(သတင်းစဉ်)

ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားကြရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	အမြင့်သဘင်၏ ရုပ်သေးသမားစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ဆန်းသစ်လှပမြန်မာ့ကြေးဒေါင်းရွှေအလှ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ခင်ဘုဏ်း)
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	စလင်းရေလှောင်တမံ
၈း၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၈း၅၅	Music Gallery (တွံတေးသိန်းတန်၊ မေဆွိ) (အထူးမင်္ဂလာစုံတွဲ)
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	ကျန်းမာခြင်းဆိုင်ရာ သိကောင်းစရာများ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	အဲဒီမှာစတွေ့တာပဲ (မင်းအုပ်စိုး၊နှင်းဝတ်ရည်သောင်း၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	Fashion Fever (မိတ်ကပ်နှင့်ဒီဇိုင်နာ ခင်စန်းဝင်း၏ သတို့သမီးဝတ်စုံနှင့်ပွဲတက်ဝတ်စုံ ဖက်ရှင်ပြပွဲ)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	အမှတ်(၁)စက်မှုဝန်ကြီးဌာနအထူးဈေးရောင်းပွဲတော် (အပိုင်း-၂)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ရေနံအစမ်းတွင်း တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited တို့သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် (M-9)၌ ရေနံတွင်းတူးစက် Doo Sung (Call Sign: 9DLE) ဖြင့် နိုဝင်ဘာ၂၈ရက်မှစတင်၍ ရေနံအစမ်းတွင်း တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

ရေနံတွင်းတူးစက် Doo Sung ဖြင့်တူးဖော်မည့် ရေနံအစမ်းတွင်းများ၏တည်နေရာများမှာ Zawtika-1A မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၈ မိနစ် ၃၆စက္ကန့် x အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၁မိနစ် ၂၅စက္ကန့် ၂၈-၁၁-၀၆ မှ ၃၁-၁၂-၀၆အထိလည်းကောင်း၊ Zawtika-2 မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၀၁မိနစ်၄၃စက္ကန့် x အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၉မိနစ်၂၄စက္ကန့် ၁-၁-၀၇မှ ၁၄-၂-၀၇အထိလည်းကောင်း၊ Prospect 063 မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၂၇မိနစ်၄၈စက္ကန့် x အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၃မိနစ် ၀၀စက္ကန့် ၁၅-၃-၀၇မှ ၁၄-၄-၀၇အထိလည်းကောင်း၊ Prospect C 010 မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၂၄မိနစ် ၂၀စက္ကန့် x အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၀၁မိနစ်၂၄စက္ကန့် ၁၅-၂-၀၇မှ ၁၄-၃-၀၇အထိ ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် (M-9)၌ အစမ်းတွင်းများတူးဖော်မည့် တွင်းတူးစက် Doo Sung ကို လုပ်ငန်းဆောင်ရွက်မည့် ၂၈-၁၁-၂၀၀၆ရက်မှ ၃၁-၇-၂၀၀၇ရက်အတွင်း လုံခြုံမှုနှင့် ဘေးအန္တရာယ်မရှိစေရန်အတွက်လည်းကောင်း၊ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များ၊ ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာရာတွင် တွင်းတူးစက်ကို ထိခိုက် ပျက်စီးမှုမရှိစေရန်အတွက်လည်းကောင်း၊ ရေနံတွင်းတူးစက်မှ လေးကီလိုမီတာအတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner) ထုတ်ပြန်ကြေညာထားကြောင်းသတင်းရရှိသည်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ယာယီမြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါရုံးတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား တာချီလိတ်မြို့နယ် ယာယီ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ ရုံးတာဝန်ခံ ရဲမှူး ဝင်းကြည်က မြန်မာအလုပ်သမားများ အား နေ့ချင်းပြီး ယာယီမြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးမည့်လုပ်ငန်းစဉ် ကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ဆောင်ရွက်ပေး

ထိုင်းနိုင်ငံတွင် လက်ရှိအလုပ်လုပ် ကိုင်လျက်ရှိသော မြန်မာအလုပ်သမား များနှင့် ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ် သမားအသစ်များအား ယာယီမြန်မာ နိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင် ရန် နိုဝင်ဘာ ၆ ရက်မှစ၍ မြဝတီ မြို့နယ် ကော့သောင်းမြို့နယ်နှင့် တာချီလိတ်မြို့နယ်များ၌ ယာယီ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေး ရေးရုံးများကို ဖွင့်လှစ်ဆောင်ရွက် ပေးခဲ့ကြောင်း၊ ထိုင်းနိုင်ငံအလုပ်သမား ဝန်ကြီးဌာနက သံတမန်လမ်းကြောင်း ဖြင့်ပေးပို့လာသော ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား ၁၀၀၀၀ စာရင်း အနက် ဦးမြင့်သိန်းအောင် အပါအဝင် မိသားစုဝင်သုံးဦးသည် ယနေ့တွင် ထိုင်းနိုင်ငံ ရနောင်းမြို့မှ ကော့သောင်း မြို့နယ် ယာယီမြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးရေးရုံး၌ ယာယီ မြန်မာနိုင်ငံကူးလက်မှတ်များလာရောက် ထုတ်ယူခဲ့ရာ နေ့ချင်းပြီးဆောင်ရွက် ပေးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံ့အကြီးအကဲများ၏ လမ်းညွှန် ချက်နှင့်အညီ မြန်မာအလုပ်သမားများ အနေဖြင့် ထိုင်းနိုင်ငံအတွင်း တရားဝင် အလုပ်သမားအဖြစ် နေထိုင်သွားလာ နိုင်ပြီး အလုပ်သမားအခွင့်အရေးနှင့် လုပ်အားခများကို အပြည့်အဝခံစား နိုင်ရန်အတွက် မြန်မာ–ထိုင်းနှစ်နိုင်ငံ ညှိနှိုင်း၍ ယာယီမြန်မာနိုင်ငံကူး လက်မှတ်ကိုင်ဆောင်နိုင်ရေး စီစဉ် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ကျေနပ်မှုများဖြစ်ပေါ်

ယင်းကဲ့သို့ ယာယီမြန်မာနိုင်ငံကူး လက်မှတ်များကို နေ့ချင်းပြီးထုတ်ပေး နေမှုကြောင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အနေဖြင့် ပြည်ပမီဒီယာအချို့၏ ကောလာဟလ သတင်းထုတ်လွှင့်မှုများကို အယုံ အကြည်ကင်းမဲ့လာပြီး နိုင်ငံတော်၏ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအပေါ် အားထား ကျေနပ်မှုများဖြစ်ပေါ်၍ ယာယီမြန်မာ နိုင်ငံကူးလက်မှတ်များ ထုတ်ယူရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ မကြာမီကာလအတွင်း မြန်မာအလုပ် သမား ၅၀၀ ကျော် ဆက်လက် လာရောက်ထုတ်ယူမည် ဖြစ်ကြောင်း နှင့် တာချီလိတ်မြို့နယ်၊ မြဝတီ မြို့နယ်နှင့် ကော့သောင်းမြို့နယ်များရှိ ယာယီ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး သုံးနေရာမှ နေ့စဉ် မြန်မာအလုပ်သမား ၂၀၀ စီအတွက် နေ့ချင်းပြီးစီးအောင် ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တာချီလိတ်မြို့နယ် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။
(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ကော့သောင်းမြို့နယ် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး ရုံးတွင် ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။
(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ရန်ကုန်–မော်လမြိုင် လမ်းပိုင်း အထူးအမြန်ရထား စတင်ပြေးဆွဲ သည့် အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ရထားပို့ဆောင် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့ အမှတ် (၃၆) အစုန်မော်လမြိုင်–ရန်ကုန် အထူး အမြန်ရထား စတင်ပြေးဆွဲသည့် ခရီးစဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြစဉ်။ (ရထား)

မော်လမြိုင်–ရန်ကုန် အထူးအမြန်ရထား စတင်ပြေးဆွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်နှင့်မော်လမြိုင် ကူးသန်းသွားလာကြသည့် ရထားစီးခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်–မော်လမြိုင်လမ်းပိုင်းတွင် အထူးအမြန်ရထား စတင်ပြေးဆွဲသည့် အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်ဘူတာ စင်္ကြံအမှတ်(၁)၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အခမ်းအနားသို့ တပ်မတော်အရာရှိ ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ များ၊ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်း များနှင့် ဧည့်သည်များ၊ဒေသခံခရီးသွား ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်တို့က အမှတ်(၃၆) အစုန် မော်လမြိုင်–ရန်ကုန် အထူး အမြန်ရထား စတင်ပြေးဆွဲသည့် ခရီး စဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အမှတ်(၃၆)အစုန် မော်လမြိုင်– ရန်ကုန် အထူးအမြန်ရထားပြေးဆွဲ မည့် တွဲဆိုင်းသစ်ကို အမွှေးနံ့သာ ရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယ ဝန်ကြီး၊ တာဝန်ရှိဌာနဆိုင်ရာ အကြီး အကဲများက အမှတ်(၃၆) အစုန် မော်လမြိုင်–ရန်ကုန် အထူးအမြန် ရထားတွဲဆိုင်းများပေါ် တက်ရောက် ကြည့်ရှုစစ်ဆေးကြပြီး အထူးအမြန် ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဖွင့်ပွဲအထိမ်း အမှတ် လက်ဆောင်ပစ္စည်းပေးအပ် ကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဒုတိယ ဝန်ကြီးတို့သည် နံနက်၆နာရီ၁၅မိနစ် တွင် အမှတ်(၃၆) အစုန်မော်လမြိုင်– ရန်ကုန်အထူးအမြန်ရထား မော်လမြိုင် ဘူတာကြီး စင်္ကြံအမှတ်(၁)မှ စတင် ထွက်ခွာစဉ် သထုံဘူတာအထိလိုက်ပါ စီးနင်းကြသည်။

အဆိုပါ အထူးအမြန်ရထားကို ရန်ကုန်–မော်လမြိုင် လမ်းပိုင်းတွင် အဆန်/အစုန် ပြေးဆွဲပေးမည်ဖြစ်၍ အမှတ်(၃၅) အဆန် ရန်ကုန်– မော်လမြိုင် အထူးအမြန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ်နံနက် ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၃၆)အစုန် အထူးအမြန်ရထား သည် မော်လမြိုင်ဘူတာကြီးမှ နေ့စဉ် နံနက်၆နာရီတွင်လည်းကောင်း စတင် ထွက်ခွာကြမည်ဖြစ်ပြီး လမ်းခရီးတွင် ကျိုက်ထိုဘူတာ၌သာ ရပ်တန့်ပေး မည်ဖြစ်သည်။

ရန်ကုန် – မော်လမြိုင်နှင့် မော် လမြိုင်–ရန်ကုန် အထူးအမြန်ရထား များတွင် ရိုးရိုးတန်းရှစ်တွဲ၊ အထက် တန်း ထိုင်ခုံနှစ်တွဲ၊ အထက်တန်း အိပ်ခန်းတစ်တွဲပါရှိကြောင်း သိရ သည်။

ယခု စတင်ပြေးဆွဲသည့်မော်လမြိုင်- ရန်ကုန်နှင့် ရန်ကုန်–မော်လမြိုင် အထူးအမြန်ရထားများ၏ ရထားတွဲ များသည် ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော် ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ချစ်ကြည်ရေး လက်ဆောင်အဖြစ် ပေးအပ်သော လူစီးရထားတွဲ ၁၃၀မှ တွဲများဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. (CAMCE) မှ President, Ms. Luo Yan နှင့် အဖွဲ့ဝင်များသည် ယမန်နေ့တွင် နေပြည်တော်ရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြ သည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက် ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့မရမ်းကုန်းရပ်ကွက်ရှိ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် မသိုးသင်္ကန်း ရက်ခတ် ပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၄ ရက် က ကျင်းပရာ ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးရွှေရင်က ပထမ ဆုရ ပပဝတီစင်တော်အသင်းအား ဆုချီးမြှင့်စဉ်။ (၃၀၇)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃–၁၁–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ ဒေသဖွံ့ဖြိုးတိုးတက်စေမည့် ဒုဋ္ဌဝတီ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ –တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၀၀ ၅။ “စည်းကမ်းလိုက်နာ ဘေးကင်းကွာ” (လူကူးမျဉ်းကျားမှကူးမယ်)
၅:၀၅ ၆။ တေးဂီတအစီအစဉ်
၅:၂၀ ၇။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၄၀ ၈။ ဗီဝီဒီဇယ်ထုတ်လုပ်မှုသရုပ်ပြ ရှင်းလင်းဆွေးနွေးပွဲ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သီရိဂေဟာ
၆:၅၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်နယ်သမီး” (အပိုင်း–၂၀)(ဇာတ်သိမ်းပိုင်း)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ပထမချစ်ပုံပြင်” (အပိုင်း–၁၉)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

သတ္တမအကြိမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

ရန်ကုန်မြို့

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅ – ၂၆) ရက်နေ့

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၀၆ ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

(က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ တပ်မတော်(ရေ)အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု တပခဇုန်(တောင်ငူ)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်) ၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အုပ်ချုပ်ရေးစနစ်သစ်ရှင်းလင်းပွဲ တက်ရောက်အမှာစကားပြောကြား

ရှင်းလင်းပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အုပ်ချုပ်ရေးစနစ်သစ်နှင့် ပတ်သက်၍ မြစ်ကြီးနားမြို့တွင် ရှင်းလင်းပြောကြားစဉ်။

(ပြည်ထဲရေး)

ရန်ကုန် နိုဝင်ဘာ ၂၂

အုပ်ချုပ်ရေးစနစ်သစ်နှင့် ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ အုပ်ချုပ်ရေးစနစ်သစ်နှင့် ပတ်သက်၍ ရှင်းလင်းပွဲသည် ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေးယန္တရားကို ဖော်ဆောင်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံအဖွဲ့အစည်းများနှင့် ပြည်သူများအတွက် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖော်ဆောင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှိစွာ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတည်ရှိကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် သိက္ခာရှိရှိ၊ ခိုင်ခိုင်မာမာရပ်တည်ရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေးသုံးပါးသည် အလွန် အရေးကြီးကြောင်း၊ သို့မှသာ နိုင်ငံတော်ကို တစည်းတလုံးတည်း ဖြစ်စေလျက် အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကာ အရေးကြီးဆုံးဖြစ်သည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုတိုင်းရင်းသား အစုအဖွဲ့များ စုပေါင်းပါဝင်လျက် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အောင်မြင်စွာ ကျင်းပလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အုပ်ချုပ်ရေးစနစ်သစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများအား တူညီဝတ်စုံများကို ထောက်ပံ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ သတင်းတပ်ဖွဲ့နှင့် အထူးမူးယစ်တပ်ဖွဲ့များမှ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဗန်းမော်နှင့် ပူတာအိုတို့ရှိ အကျဉ်းသားများအတွက် ဆေးဝါးများကို ပေးအပ်ရာ မြစ်ကြီးနားထောင်အုပ်စုများ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇင်က လက်ခံသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မြစ်ကြီးနားမြို့ အကျဉ်းဦးစီးဌာနသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇင်က ကချင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းထောင်အခြေအနေကို လည်းကောင်း၊ အကျဉ်းသားများအား လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၉ရက်တွင် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့သို့ ရောက်ရှိကြပြီး ဆဒုံးမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ထို့နောက် ဆဒုံးမြို့၌ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများက လုပ်ငန်းအခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေး၍ ဝန်ထမ်းများအား ဆေးပစ္စည်းများနှင့် ငွေများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆဒုံးခံတပ်ဟောင်း၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ဆဒုံးမြို့ ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့ တောင်တန်းသာသနာပြုကျောင်းသို့သွားရောက်၍ ဘဒ္ဒန္တ ရေဝန္ဒအား ဖူးမြော်ကြည်ညိုကြ၍ လှူဖွယ်ပစ္စည်းများ၊ စာအုပ်နှင့် စာရေးကိရိယာများကို ဆက်ကပ်လှူဒါန်းကြပြီး ဆဒုံးမြို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်ကြကာ ဝန်ကြီးက ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရတနာပုံရထားလမ်းခုံးကျော်နှင့် ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံရထားလမ်းခုံးကျော်သို့ ရောက်ရှိစစ်ဆေးပြီး ခုံးတံတားအတွင်း မော်တော်ယာဉ်ကြီးငယ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး အစီအမံများဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲပြင်စက်ရုံသို့ရောက်ရှိပြီး လူစီးတွဲ တည်ဆောက်ရုံအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိသော လူစီးတွဲများ ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းများနှင့် ပန်းဘဲရုံအတွင်း တွဲအရန်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံခန်းမ၌ မြန်မာ့မီးရထား အရာထမ်းများအားတွေ့ဆုံ၍ နယ်မြေအလိုက်တာဝန်ရှိသူများက ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်ရေး ပိုမိုတိုးတက် ကောင်းမွန်လာအောင် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရေး၊ စက်ခေါင်းများကြံ့ခိုင်ရေးနှင့် လူစီးတွဲများကို ကြံ့ခိုင်သပ်ရပ်ပြီး ခရီးသည်များ သက်သောင့်သက်သာစီးနင်းနိုင်အောင် တီထွင်ဆောင်ရွက်ရေး၊ ရထားများ အချိန်မှန်ပြေးဆွဲနိုင်ရေးနှင့် ရထားလက်မှတ် မှောင်ခိုရောင်းချမှု မဖြစ်ပေါ်အောင် ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကွန်ကရစ်ဇလီဖားစက်ရုံသို့ ရောက်ရှိပြီး သံလမ်းထိန်းကလစ် ထုတ်လုပ်မှု၊ ဇလီဖားထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားများကို လမ်းပိုင်းအသီးသီးသို့ တင်ပို့ရန် စုပုံထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းများသို့ အမြန်ရောက်ရှိအောင် ပို့ဆောင်ပြီး သစ်သားဇလီဖားများနှင့် လဲလှယ်အစားထိုးသွားနိုင်ရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်ဘူတာမှ RBE အထူးရထားဖြင့် ထွက်ခွာ၍ ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း ရထားလမ်းဖောက်လုပ်ခြင်းစစ်ဆေးရာ မိုင်တိုင် ၃၄၈/၁၇ နှင့် ၃၄၈/၁၉ အကြား ပေ ၃၀ အရှည်နှင့် ပေ ၄၀ အရှည်တံတားများ တည်ဆောက်နေမှုကို စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် ၃၄၆/၁၉ နှင့် ၃၄၆/၂၂ အကြား၌ တည်ဆောက်လျက်ရှိသော အရှည် ၃၁၂ ပေရှိ ပန်းလောင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးကျော်ဝေက ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ တံတားကြီးငယ်များ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မှု၊ ကျောက်ဖြည့်ခြင်းနှင့် သံလမ်းခင်းခြင်း လုပ်ငန်းများ ပြီးစီးမှုနှင့် ဆောင်ရွက်မှု၊ ပစ္စည်းရရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ပွင့်လင်းရာသီ၌ လုပ်ငန်းများ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းရပ်တန့်နှောင့်နှေးမှုမဖြစ်အောင် လုပ်ငန်းအလိုက်၊လအလိုက် လိုအပ်ချက်များကို ကြိုတင်တွက်ချက်တောင်းခံပြီး စဉ်ဆက်မပြတ်တိုးတက်မှုရှိနေအောင် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် ၃၂၉/၂၀ နှင့် ၃၂၉/၂၂ အကြား တည်ဆောက်လျက်ရှိသော အရှည်ပေ ၁၆၀ ရှိ စမုံတံတားသို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရတနာပုံရထားလမ်း ခုံးကျော်တံတားကို ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တတိလောကာဉာဏ ပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၂၂

နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း တောင်တွင်းကြီးမြို့ ငှက်ပစ်တောင် တောရကျောင်းတိုက် ပဓာန နာယက သက်တော်(၈၀)ပြည့် သိက္ခာတော်(၆၀)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဉာဏသည် ယနေ့ နံနက် ၁၂ နာရီခွဲတွင် သီတင်းသုံးတော်မူရာ ငှက်ပစ်တောင် တောရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် ရွှေစင်ရွှေသားလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ထီးတော်အား ရွှေသင်္ကန်းကပ်လှူရန် မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံ့စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် တိပိဋကရေ ရွေးချယ်ရေး အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသအား ဦးထိပ်ထားပြီး အလှူရှင်မိသားစုက ရွှေစင်ရွှေသား ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်တွင် မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံ့စာသင်တိုက်ကြီး၌ ကျင်းပရာ အလှူရှင် ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဦးပါကြီး–ဒေါ်အန်းကူ မိသားစုတို့က ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ ရွှေ ၁၀ ကျပ်သားကျော်ကို ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ရွှေမိုးသည်းဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် နိုဝင်ဘာ ၂၂

ယခု သောကြာပတ် နိုဝင်ဘာ ၂၄ ရက်တွင် ဇာတ်ကားသစ်မဝင်ဘဲ နိုဝင်ဘာ ၁၇ ရက်မှစ၍ ရုံတင်ပြသလျက်ရှိသော **ရွှေမိုးသည်း** မြန်မာဇာတ်ကားတစ်ကားတည်းသာ ပြိုင်ဘက်မရှိ ဆက်လက်ပြသမည်ဖြစ်သည်။

ဖြိုးနှင့်မင်း ရုပ်ရှင်ထုတ်လုပ် ဖြန့်ချိရေးမှ အကြည်တော်၏ ဝတ္ထုနှင့် ဇာတ်ညွှန်းကို လူငယ်ဒါရိုက်တာဓာတ်ပုံ အဏ်ထော်နီ(မော်လမြိုင်) ရိုက်ကူးသည့် **ရွှေမိုးသည်း**ဇာတ်ကားမှာ သွေးကင်ဆာရောဂါ စွဲကပ်နေသည့် မိန်းမငယ်တစ်ဦး၏ ဘဝဇာတ်ကြောင်းကို ဇာတ်လမ်းဆင် ရိုက်ကူးထားခြင်းဖြစ်သည်။ မကြာမီ လူ့လောကမှ ထွက်ခွာသွားရမည်ကို သိသော်လည်း သတ္တိရှိရှိဖြင့် ရင်ဆိုင်သွားနိုင်ပုံကို ဒါရိုက်တာက ထိထိမိမိ ရိုက်ကူးပြသထားသည်။

ပါဝင်

အကယ်ဒမီရန်အောင်၊ ဥက္ကာမင်းမောင်၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ စန္ဒီမြင့်လွင်၊ ဇင်မျိုး၊ ဇော်ဇော်အောင်နှင့် ကောင်းမြတ်ကျော်တို့ ခေါင်းဆောင် ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံသုံးရုံတွင် ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် ဒါရိုက်တာ Brett Ratner ရိုက်ကူးသည့် သိပ္ပံပညာအသားပေး လှုပ်ရှားဝှက်သည်းဖို ဇာတ်ကား X-Men The Last Stand ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ဒါရိုက်တာ J.J Abrams ရိုက်ကူးပြီး နာမည်ကြီး သရုပ်ဆောင်မင်းသား တွမ်ခရုစ်ပါဝင်သည့် Mission Impossible III (MI 3) စုံထောက်ဇာတ်ကြမ်းကား ဆက်လက်ပြသမည် ဖြစ်သည်။ (ကြေးမုံ)

သမ္မတ၊ သွင်နှင့်မင်္ဂလာ ရုပ်ရှင်ရုံသုံးရုံ၌ ဆက်လက်ပြသမည့် ရွှေမိုးသည်း ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် မဟာပဓာနနာယက ဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ သက်တော် (၇၆)နှစ် သိက္ခာတော်(၅၆) ဝါသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် မန္တလေးမြို့တော်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင် မြို့ပြဟောဝန်အိမ်ရာနေ ဦးတင့်ဇော်–ဒေါ်နောင်းလှ၊ သမီး မသက်ထားနွယ် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ–နီ (ရန်ကုန် ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အခြေခံမွမ်းမံ ဂေါက်သီးရိုက်သင်တန်း ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းနှင့် ဟန်ဂေါက်မာစတာ(စ်) ဂေါက်အကယ်ဒမီ သင်တန်းကျောင်းက လူငယ်မွမ်းမံ ဂေါက်သီးရိုက်သင်တန်းများကို သင်ကြားပေးလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်မှစတင်၍ အားလပ်ရက် အခြေခံမွမ်းမံ ဂေါက်သီးရိုက်သင်တန်းကို စနေနှင့် တနင်္ဂနွေနေ့များတွင် တစ်ပတ်နှစ်ကြိမ်ဖြင့် ငါးပတ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော အခြေခံအဆင့် တက်ရောက်ပြီးသည့် လူငယ်၊ မောင်မယ်များသည် မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ဖုန်း ၀၁–၇၀၆၇၈၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း နိုဝင်ဘာဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် နိုဝင်ဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၆ နာရီတွင် ရဲမွန်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် နံနက် ၅ နာရီတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ကိုးမိုင်မှ ကားထွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မဟာဗောဓိတစ်ထောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ဖွားမြင်တော်မူခြင်း

မဟာဗောဓိတစ်ထောင် ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ ရွာကြပ်လေးရွာ ခမည်းတော် ဦးထွန်းမြတ်၊ မယ်တော် ဒေါ်စောမြိုင်တို့က ၁၂၉၂ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်၊ (စနေနေ့) နံနက် ၄ နာရီတွင် ဖွားမြင်တော်မူသည်။ မွေးချင်း ငါးယောက်အနက် စတုတ္ထမြောက် သားမြတ်ရတနာဖြစ်သည်။ ငယ်နာမည်မှာ မောင်တိုးကြွယ်ဖြစ်သည်။

ဗောဓိတစ်ထောင် ဆရာတော်

ရှင်ရဟန်းဖြစ်ခြင်း

၁၃၀၅ ခုနှစ် အသက် (၁၃) နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၁၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်တွင် ငယ်ဆရာ ဦးသုဏ္ဏေယျကို ဥပဇ္ဈာယ်ပြု၍ ကိုးဆူကျောင်းခဏ္ဍသိမ်တော်၌ အဘယရွာနေ ဦးထိန်–ဒေါ်သန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ပညာသင်ကြားတော်မူခြင်း

ရှင်သာမဏေဘဝမှ စတင်၍ ငယ်ဆရာတော် ဦးသုဏ္ဏေယျ၊ ဦးသုဇာတ၊ ဦးသူရိယတို့ထံတော်၌ အခြေခံပရိယတ္တိကျမ်းစာများကို သင်ယူတော်မူခဲ့ပြီး မန္တလေးမြို့ နန်းဦးကျောင်းဆရာတော်၊ မုံရွာမြို့ ပတ္တမြားတောင်ကျောင်းဆရာတော်၊ မာလာရာမယွန်းကျောင်းဆရာတော်ဦးမာလာ၊ ရွာကြပ်ရွာ ဦးပညာ၊ ချောင်းဦးမြို့ ကျည်းကုန်းဆရာတော်၊ ပခုက္ကူမဟာဝိသုတာရာမ အလယ်တိုက်မှ ဆရာတော် ဦးသုန္ဒရ၊ ဦးဂန္ဓမာ၊ ဦးနန္ဒိယ၊ ဦးမာဃိန္ဒ၊ ဦးနန္ဒဝံသ စသော စာချအကျော်ဆရာတော်ကြီးများ၊ မန္တလေးမြို့ ဘုရားကြီးတိုက် အမရပူရကျောင်း ဦးဥက္ကံသ၊ ဗောဓိကုန်းဆရာတော် ဦးမာနိတ အမရပူရတောင်မြို့ တူမောင်းတိုက်ဆရာတော် စသော ဆရာတော်များထံ၌ ပိဋကတ်တော်သင်ရိုးတစ်ခုလုံးကို ခြေခြေမြစ်မြစ် ပိုက်စိပ်တိုက် သင်ယူတော်မူခဲ့သည်။

ကျင့်ကြံအားထုတ်သာသနာပြုတော်မူခြင်း

ဆရာတော်သည် ငယ်ရွယ်သည့် အချိန်မှစ၍ ပရိယတ္တိသင်ရိုးကို ကုန်စင်အောင်သင်ယူပြီးနောက် ပင်ကိုစရိုက်ဝါသနာအားလျော်စွာ ဓုတင်ကျင့်သုံးခြင်း၊ တောရမှီခြင်း၊ ကမ္မဋ္ဌာန်းအားထုတ်တော်မူခြင်းတို့ကို အချိန်ပြည့် ဆောင်ရွက်တော်မူခဲ့သည်။ အရညဝါသီတောရမှီပုဂ္ဂိုလ်အဖြစ် တစ်တောဝင် တစ်တောင်ထွက် နေရာခိုမှီးရွှေ့ပြောင်းကျင့်သုံးရင်း မုံရွာမြို့နယ် ခတက္ကန်တောင်ရွာအနီးတွင် ၁၅ ဧကခန့်ရှိ မြေနေရာ၌ သတ္တဝါအများ သမ္မာသမ္ဗောဓိဉာဏ်ကို ရည်သန်မြတ်နိုးပူဇော်တတ်စေရန် ရည်ရွယ်ချက်ဖြင့် ဗောဓိပင်တစ်ထောင် စိုက်ပျိုးတော်မူကာ ဗောဓိပင်တိုင်းတွင် ရုပ်ပွားတော်တစ်ဆူစီ တည်ထားကိုးကွယ်တော်မူခဲ့သဖြင့် "မဟာဗောဓိတစ်ထောင်ဆရာတော်" ဟူ၍ ကြည်ညိုသူတို့အများထင်ရှားလာခဲ့သည်။ ဆရာတော်ကြီး၏ မေတ္တာကရုဏာပညာစွမ်းအားများကြောင့် ဗုဒ္ဓဓမ္မကို မလိုက်နာသေးသူများ လိုက်နာကျင့်သုံးလာခြင်း၊ မယုံကြည်သေးသူများ ယုံကြည်ကိုးကွယ်လာခြင်း၊ ယုံကြည်ပြီးသူများ သဒ္ဓါတရား ခိုင်မြဲထက်မြက်လာခြင်းတို့ကို ဆောင်ရွက်တော်မူနိုင်ခဲ့သည်။ ၎င်းအပြင် သာမန်ပုဂ္ဂိုလ်များ ဆောင်ရွက်ရန်မစဉ်းစားဝံ့သော အံ့ဖွယ်အဓိကရသာသနာ့ အဆောက်အအုံကြီးများကိုလည်း ဗုဒ္ဓသာသနာ့သမိုင်းတွင် ထီးထီးမားမား ခိုင်ခိုင်ခံ့ခံ့ထွန်းပေါ်တည်ရှိလာအောင် စွမ်းဆောင်နိုင်တော်မူခဲ့သဖြင့် ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများဖြစ်သော ကိုရီးယား၊ ဂျပန် စသည့် ဒါယကာ ဒါယိကာမများကပါ ဆရာတော်ကြီးအား "ဓမ္မဖခင်ကြီး" သဖွယ် ကိုးကွယ်ဆည်းကပ်ပူဇော်ခဲ့ကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်ကြီး၏ သီလသမာဓိပညာဂုဏ်၊ခမာဇာဂရိယဂုဏ်၊ တည်ကြည်ထက်မြက်သောဂုဏ် အပေါင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၃ခုနှစ် ဇန်နဝါရီလတွင် ဆရာတော်ကြီးအား "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" သာသနာပြုပထမဆင့် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့သည်။

ဘဝနတ်နန်းစံမြန်းတော်မူ

ယင်းသို့ လောကဓမ္မ နှစ်ဖြာအကျိုးအတွက် အရွယ်ကိုပင် ငဲ့ညှာတော်မမူဘဲ အားသွန်ခွန်စိုက်ဆောင်ရွက်တော်မူစဉ် သက်တော်(၇၆)နှစ် သိက္ခာတော် (၅၆)ဝါအရ (၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၃ ရက်) ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ဘဝနတ်နန်း စံမြန်းတော်မူခဲ့ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက်၍ တံခွန်စိုက်ဒိုင်းဆုများချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက်၍ တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ ၊လေ) ပြေးခုန်ပစ် ပြိုင်ပွဲ မီတာ ၁၀၀ ကျား/မ အပြေးပြိုင်ပွဲ၊ မီတာ ၃၀၀၀ (ကျား) အခက်အခဲကျော် ပြေးပွဲနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲများ၏ နောက်ဆုံးဗိုလ်လုပွဲများကို ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက ၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရမှတ်အများဆုံးဖြင့် ပထမရရှိကြသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ပြေးခုန်ပစ် (အမျိုးသား) အသင်းနှင့် (အမျိုးသမီး) အသင်းတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ပြေးခုန်ပစ်(အမျိုးသား)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦး မွန်ပြည်နယ် ပေါင်မြို့နယ် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် စက်ဘီးနှစ်စီးကို ပေးအပ်စဉ်။ (မိခင်/ကလေး)

ကံထူးဓမ္မရိပ်သာ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ဒီဇင်ဘာ ၈ ရက် (သောကြာနေ့) တွင်ဖွင့်လှစ်မည်ဖြစ်ရာမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါယမနှင့် နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တနန္ဒသာရ တို့က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားပြသတော်မူမည်ဖြစ်သည်။ (က-ပ)

စီးပွားဖြစ် သစ်ခွပန်းစိုက်ပျိုးနည်း သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် စီးပွားဖြစ်သစ်ခွ စိုက်ပျိုးနည်းသင်တန်း အမှတ်စဉ်(၂/၂၀၀၆)ကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း သင်တန်းသားသင်တန်းသူ ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်တွင် ဖွင့်လှစ်ရန်စီစဉ်လျက်ရှိသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကျပ် ၈၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက်ကျပ် ၉၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ (၄၅)

မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်ဆောင်ရွက်ရေးစီမံချက် အသိပေးရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၂၂

ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းရေးအတွက် မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ (Maternity Waiting Home) ဖွင့်လှစ်ဆောင်ရွက်ရေး စီမံချက်လုပ်ငန်း အသိပေး ရှင်းလင်းဆွေးနွေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့ ရွှေရတုခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မှ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ပါမောက္ခဒေါက်တာထွန်းရီက မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်ဆောင်ရွက်ရခြင်းအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက ဆက်လက်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းအကြောင်း ပြောကြားပြီး မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်ဆောင်ရွက်ခြင်း စီမံချက်လုပ်ငန်းဆောင်ရွက်ရန်အတွက် ပံ့ပိုးငွေကျပ် သိန်း ၅၀ နှင့် စက်ဘီးနှစ်စီးတို့ကို ပေးအပ်ရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဆွေးနွေးကြပြီး ဗဟိုအလုပ် အမှုဆောင်များက လိုအပ်သည်များကို မှာကြားကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက်အားကစားသတင်း

ဆဲလ်တစ်အသင်းက မန်ယူအသင်းကို အနိုင်ရ ရှုံးထွက်ပွဲစဉ်သို့ ပထမဆုံးအကြိမ် ကစားခွင့်ရပြီ

လန်ဒန် နိုဝင်ဘာ ၂၂

နိုဝင်ဘာ ၂၁ ရက်က ကျင်းပသော ချန်ပီယံလိဂ်ပွဲစဉ်များအပြီးတွင် ဆဲလ်တစ်အသင်းနှင့် အေစီမီလန်အသင်းတို့သည် အခြားကလပ်အသင်းခြောက်သင်းနှင့်အတူ ရှုံးထွက်ပွဲစဉ်များအဆင့်သို့ တက်လှမ်းသွားပြီဖြစ်သည်။

ထိုနေ့ပွဲတွင် ဆဲလ်တစ်အသင်းသည် ယှဉ်ပြိုင်ဖက် မန်ချက်စတာ ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ပထမဦးဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ပွဲစဉ်များတွင် ရှုံးထွက်ပွဲစဉ်အဆင့်သို့ ရောက်ရှိသွားပြီဖြစ်သည်။ ဆဲလ်တစ်အသင်းအတွက် အလွတ်ကန်ဘောကို ပွဲကစားချိန် ၈၁ မိနစ်တွင် ဂျပန်ရေ့တန်းတိုက်စစ်မှူး နာကာမူရာက ကန်သွင်းလိုက်ရာမှ ဂိုးဝင်သွားပြီး ၎င်းဂိုးတစ်ဂိုးတည်းဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပွဲကစားချိန်မိနစ် ၉၀ အကြာတွင် မန်ချက်စတာအသင်းအတွက် ချေပဂိုးသွင်းခွင့်ကို လူဝစ်ဆာဟာကရခဲ့သည်။ သို့ရာတွင် ၎င်းပင်နယ်တီကို ဆဲလ်တစ်ဂိုးသမား အာတူရာဘောရုဲက ကာကွယ်နိုင်ခဲ့သည်။

ယခုပွဲတွင် မန်ချက်စတာအသင်းက သရေကျရုံမျှဖြင့် ဒုတိယဆင့်အုပ်စုပွဲစဉ်များသို့ တက်လှမ်းခွင့်ရရှိမည်ဖြစ်သော်လည်း ဆဲလ်တစ်နှင့်ပွဲတွင် ရှုံးချက်နာခဲ့ရသည်။

ယနေ့ကစားသောပွဲတွင် ဂျပန်ရေ့တန်းကစားသမား နာကာမူရာ၏ ကန်ချက်သည် ကမ္ဘာ့အဆင့်မီလှပ သော ကန်ချက်ဖြစ်သကဲ့သို့ မိမိအသင်း၏ ဂိုးသမားဘောရုဲ၏ ကာကွယ်နိုင်စွမ်းအားသည်လည်း ချီးကျူး လောက်ပေသည်ဟု ဆဲလ်တစ်အသင်းခေါင်းဆောင် နီးလ်လီဒွန်ကပြောကြားသွားသည်။

ဆဲလ်တစ်အသင်းက မန်ယူအသင်းအပေါ် အနိုင်ရလိုက်သည့်အတွက် အုပ်စုအက်ဖ်တွင် ထိုနှစ်သင်းသည် ကိုးမှတ်ဖြင့်အမှတ်တူဖြစ်နေသည်။ သို့ရာတွင် မန်ယူအသင်းထက် ဆဲလ်တစ်အသင်းက ရရှိသောဂိုးအရေအတွက်ကသာနေသဖြင့် ဆဲလ်တစ်အသင်း အသာရရှိသွားခြင်းဖြစ်သည်။

အုပ်စုအက်ဖ်တွင် ဘင်ဖီကာအသင်းမှာ ခုနစ်မှတ်ရထားသော အသင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲများ၌ ဒုတိယအဆင့်အုပ်စုပွဲစဉ်ကစားခွင့်ရထားသောအသင်းခြောက်သင်းမှာ ဘေယန်မြူးနစ်၊ လီဗာပူး၊ ပီအက်စ်ဗီအိန်ဟိုဗင်၊ ဗလင်စီယာ၊ လီလီနှင့်ရီးယဲလ်မဒရစ်အသင်းများ ဖြစ်သည်။

အေစီမီလန်အသင်းမှ ကာကာနှင့် အေအီးကေအသင်းမှ အာကစ်ဇီကိုစ်တို့ ဘောလုံးကို အပြိုင်လုနေကြစဉ်။

အေစီမီလန်အသင်းသည် အေအီးကေအသင်းနှင့် အေသင်မြို့ အိုလံပစ်အားကစားကွင်းတွင် နိုဝင်ဘာ ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက ယှဉ်ပြိုင်ဘက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသွားသည်။ အေအီးကေအသင်းအတွက် အနိုင်ဂိုးကို ဂျူလီရိုစီဇာက ကစားချိန် ၃၂ မိနစ်တွင် ဖရီးကစ်မှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စုအိပ်ချ်တွင် အေစီမီလန်အသင်းက ၁၀ မှတ်၊ အေအီးကေ အသင်းက ခုနစ်မှတ်၊ လီလီအသင်းက ခြောက်မှတ်နှင့် အင်ဒါလက်ချ်အသင်း က သုံးမှတ် အသီးသီးရရှိထားသည်။ အေစီမီလန်အသင်းက အမှတ်အများဆုံးဖြင့် အုပ်စုဗိုလ်စွဲသည်။ ***အင်တာနက်***

လှူဒါန်း

နိုဝင်ဘာ ၂၁ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) (၃၄) ရပ်ကွက် အမှတ်(၂၄) မူလတန်းလွန်ကျောင်းတွင် ဦးမင်းသန်းတင်-ဒေါ်ချစ်ချစ်တို့၏ သမီး မဖြူသဲချို၏ ခြောက်နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေး လှူဒါန်းစဉ်။ (ပညာရေး)

စီးပွားရေးတက္ကသိုလ် (၁၉၆၆–၇၀) စာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏

အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

နေ့ရက် – ၁၀–၁၂–၂၀၀၆ (တနင်္ဂနွေနေ့)
အချိန် – နံနက် (၈:၃၀) နာရီ
နေရာ – Western Park Royal Restaurant (ကန်တော်ကြီး)

ဆက်သွယ်ရန်–
(၁) ဦးစိန်ဝင်း ဖုန်း– ၀၉–၅၀၀၇၅၀၁ ၇၂၁၅၇၀
(၂) ဒေါ်ညိုမီကြည် ဖုန်း– ၀၉–၅၀၀၃၀၉၂ ၅၈၀၂၅၈
(၃) ဦးခိုင်စိန် ဖုန်း– ၂၉၆၅၆၅ ၂၉၄၉၁၈

ဖြစ်မြောက်ရေးအဖွဲ့

(၅) နှစ်မြောက်မင်္ဂလာဆုတောင်းလွှာ

ဦးသိန်းမျိုးဝင်း – ဒေါ်စောနွယ်နီထွေး တို့၏ ၂၃–၁၁–၂၀၀၆ ရက်တွင် ကျရောက်သော (၅)နှစ်မြောက် မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သားသား၊ မီးမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်...

နှစ်ဖက်မိဘများနှင့်
သမီး – သွဲ့(ခ)ရင်သွေးငယ်
သား – ဟိန်းသွေး(ခ)သံသာ

မန္တလေးအမှတ်(၁)အရက်ချက်စက်ရုံ ပုလင်းခွံအသစ်အဝယ်တင်ဒါ

ဝယ်ယူမည့်ပစ္စည်း – ၆၈၀ မီလီလေးထောင့်ပုလင်း ခုရေ(၅၀)သိန်း
တင်ဒါပိတ်ရက် – ၃၀–၁၁–၂၀၀၆
အချိန် – ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်စည်းကမ်းအသေးစိတ်အချက်အလက်များနှင့် နမူနာပုလင်းများကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်–

မန္တလေးအမှတ်(၁)အရက်ချက်စက်ရုံ **တယ်လီဖုန်းအမှတ်**
မန္တလေးမြို့၊အောင်မြေသာစံမြို့နယ် **၃၉၁၃၁၊ ၃၉၁၃၂**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဇူလှိုင်ဦး၏ Passport No. 740103 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **မဇူလှိုင်ဦး**
ဖုန်း– ၃၉၂၁၇၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မျိုးမြင့်ကျော်၏ P-P(455313) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပါရန်။ **ဖုန်း– ၆၂၅၃၃၉**

ဆွမ်းအောင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းသာကေတမြို့နယ် (၁)ရပ်ကွက်နှင့် (၆)ရပ်ကွက် မြင်တော်သာမြောက်ပိုင်း မိသားစု ဇေတိက ဆွမ်းလောင်းအသင်း၏ ဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ စာရေးတံမဲလှူဒါန်းပွဲ၊ကေလာသာရာမ ကျောင်းဆောက်ရန် ဦးရွှေအောင်–ဒေါ်အေးအေးမာ (ရွှေမိုးကောင်းရတနာ လုပ်ငန်း)နှင့်အဖွဲ့သားများ၏ မ,တည်ငွေကျပ် ၁၆ သိန်း အပါအဝင် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းပွဲကို အောက်တိုဘာ ၂၆ရက်မှ ၂၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ (က–ပ)

အထက(၃)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

အထက(၃) ဗိုလ်တထောင် (ယခင် မက်သဒစ်/ရေကျော် အထက်တန်းကျောင်း)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ရာပြည့်အကြို အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ ရက်(တနင်္ဂနွေနေ့) နံနက်တွင် အဆိုပါကျောင်း သစ္စာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာ၊ဆရာမကြီးများအတွက် အလှူငွေ ထည့်ဝင်လိုသူများသည်သဒ္ဓမ္မဇောတိကဆရာတော် ဖုန်း–၀၉–၅၁၃–၅၄၇၀၊ ဒေါ်ခင်မာဆွေ (ကျောင်းအုပ်ဆရာမကြီး) ဖုန်း–၂၉၄၃၂၂၊ ဦးကျော်အောင် ဖုန်း–၇၀၃၂၂၀၊ ၂၉၅၅၅၆၊ ဦးလှသိန်း ဖုန်း–၂၉၄၁၁၀၊ လိုင်းခွဲ ၂၀၁၊ ဦးအေးဝင်း ဖုန်း–၀၉–၅၀၀–၁၃၂၄နှင့် ဦးကျော်ဝင်း ဖုန်း– ၅၇၉၃၁၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၉ အေ၊မြေကွက်အမှတ် ၅၁ အေ / ၆ ဒသမ ၁၂၊ အကျယ်အဝန်း ၀ ဒသမ ၄၂၈ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၇/အေ)၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်ဟု ခေါ်တွင်သော အဆောက်အအုံများမှ မြေရှင်/အိမ်ရှင် ဦးတင်လတ် [၁၂/ဒဂန(နိုင်) ၀၁၃၀၉၁] ပိုင်ဆိုင်သော တိုက်ခန်းများနှင့် ပတ်သက်၍ ဦးတင်လတ်၏သဘောတူညီမှုမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းစီမံခန့်ခွဲခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ညွှန်ကြားချက်နှင့်အညီ ကြေညာခြင်း ဖြစ်ပါသည်။
ဦးတင်လတ်

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျား (၁၀၀၆)
ဒေါ်လှလှလွင်(၅၇၇၃)
တရားရုံးချုပ်ရှေ့နေများ
အမှတ်–၅၅၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ဖုန်း–၂၅၃၃၈၂

အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များ နေပြည်တော်မှ ပြင်ဦးလွင်သို့ ဆက်လက်ထွက်ခွာ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff **အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၂

ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff **နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့်တည်ခင်းဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ တပ်မတော် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ➪

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်းစစ်ဆေး တံတားတည်ဆောက်ခြင်းလုပ်ငန်းတစ်ခုလုံး၏ ၉၀ရာခိုင်နှုန်းပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကမာကြည်လမ်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား (ကမာကြည်)ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အတူ မွန်းလွဲ ၂နာရီတွင် ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးမှုအခြေအနေ၊ တံတားသို့ ဆက်သွယ်ထားသည့် ချဉ်းကပ်လမ်းများ ဆောင်ရွက်ထားမှု အခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးဟန်စိုးက ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက် ရှိသည့် အစီအစဉ် အသေးစိတ်တို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တံတားကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စောလျင်စွာပြီးစီးရေးနှင့် ကမာကြည်လမ်း ဝဲ၊ ယာ၌ ရေနုတ်မြောင်းများပါ တစ်ပါတည်း တူးဖော်သွားရေးတို့ကို မှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။